တပေါ်စ တော် မင်္ဂလ မုတ္တမံ၊ ဩိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၉၅)


**ဒေသခံပြည်သူများလူနေမှုအဆင့်အတန်းမြင့်မားလာမည့်စီမံကိန်း**

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ မုံရွာဒေသအနောက်ဘက်ကမ်းနှင့် ပခုက္ကူခရိုင်အတွင်းရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းဒေသရှိပြည်သူများ လျှပ်စစ်ဓာတ်အားသာမက ချင်းတွင်းမြစ်မှတစ်ဆင့် စိုက်ပျိုးရေရရှိပြီး သမားရိုးကျ တစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစားဘဝသို့ရောက်ရှိ၍ ဝင်ငွေတိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားလာပြီး ဒေသပတ်ဝန်းကျင်သည်လည်း စိမ်းလန်းစိုပြည်လာမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

# ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းသည်ဘက်စုံ၊ ကဏ္ဍစုံ အကျိုးရှိသောစီမံကိန်းကြီးဖြစ်
# ချင်းတွင်းမြစ်ရေသယံဇာတကိုအသုံးချ၍ရေအားလျှပ်စစ်မြန်မြန်ထုတ်လုပ်ရန်အရေးကြီး
# နိုင်ငံတော်ကအလေးထားသည့်စီမံကိန်းဖြစ်၍လိုအပ်ချက်များအမြန်ဆုံးဖြည့်ဆည်းပေးမည်
# လျှပ်စစ်ဓာတ်အားသာမက စိုက်ပျိုးရေရရှိပြီးလူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်

**ရန်ကုန် ဧပြီ ၁၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊

*စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

# ယဉ်ကျေးပျော်ရွှင်စွာ ပါဝင်ရေကစား ဘေးရန်ကင်းရေး စည်းကမ်းထိန်းသိမ်းလိုက်နာ

မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ နှစ်စဉ်ကျင်းပသည့် နှစ်သစ်ကူးပွဲတော်ကြီး ဖြစ်သည်။

သင်္ကြန်အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ဟု နှစ်ဟောင်းဘက်တွင် လေးငါးရက်သတ်မှတ်ကာ မဟာသင်္ကြန်ပွဲကို ဆင်နွှဲကြသည်။ သင်္ကြန်ပွဲမှာ တောရော၊ မြို့ပါမကျန် နေရာအနှံ့ ကျင်းပကြခြင်း၊ ပါဝင်ဆင်နွှဲသူ အများဆုံးပွဲတော်ဖြစ်ခြင်းကြောင့် မဟာဟူသောစကားကို ရှေ့မှတင်ကာ မဟာသင်္ကြန်ဟု တွင်သည်။

မဟာသင်္ကြန်ကာလတွင် ရေပက်ကစားသည့် ယဉ်ကျေးမှုအစဉ်အလာမှာ အလွန်ပင်ချစ်စရာ ကောင်းသည်။

သာမန်အချိန်အခါမျိုးတွင် ကိစ္စမရှိဘဲ ခေါ်ပြောနှုတ်ဆက်ခြင်းပင် ပြုလေ့မရှိသော်လည်း သင်္ကြန်အခါတွင်မူ တစ်ဦးနှင့်တစ်ဦး သိကျွမ်းစရာမလိုဘဲ ရေပက်ကစားနိုင်ကြသည်။ သီချင်း၊ ကဗျာ၊ သံချပ်တို့ဖြင့် သိမ်မွေ့စွာ ပျော်ရွှင်နိုင်ကြသည်။

ရေကစားခြင်းမှာ အဓိပ္ပာယ်လေးနက်မှုရှိသည်။ ရေသည်အေးမြသည့်သဘောဖြစ်၍ မေတ္တာကို ကိုယ်စားပြုသည်။ ရေကြည်အေးမြမြဖြင့် ပက်ဖျန်းလိုက်ခြင်းသည် မေတ္တာကူးလူးဆက်ဆံသည့်သဘောဖြစ်သည်။ မြန်မာတို့သည် သင်္ကြန်ကာလတွင် တွေ့ရကြုံရ ဆုံရသူများအားလုံးကို မေတ္တာဖြင့် ဆက်ဆံပါသည်ဟူသော အဓိပ္ပာယ်ဖြင့် ပျော်ရွှင်စွာ ရေပက်ကစားကြခြင်းဖြစ်သည်။

မြန်မာလူမျိုးတို့သည် မည်သည့်ပွဲတော်မျိုးတွင်မဆို အကျွေးအမွေး ပါစေချင်ကြသည်။ သူတစ်ပါးအား ပေးကမ်းခြင်း၊ ကျွေးမွေးဧည့်ခံခြင်းသည် ကောင်းသောအလုပ်၊ ကုသိုလ်ရသောအလုပ်ဟု စွဲမြဲရင်းရှိပြီးဖြစ်သည့်အလျောက် သင်္ကြန်ကာလတွင် မုန့်လုံးရေပေါ်လုပ်၍ စတုဒိသာကျွေးမွေးခြင်း၊ မုန့်များလုပ်၍ တစ်အိမ်မှတစ်အိမ်ပေးပို့ခြင်း စသည်များပြုလုပ်လေ့ ရှိကြသည်။ ဧည့်သည်လာလျှင် ဧည့်ခံကျွေးမွေးရမှ ကျေနပ်သည့် မြန်မာတို့သည် သင်္ကြန်မဏ္ဍပ်များတွင် ဧည့်ခံရေးအစီအစဉ်များ ထည့်သွင်းဆောင်ရွက်လေ့ ရှိကြသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီစေရန် မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက တိုက်တွန်းနှိုးဆော်ချက်များ ထုတ်ပြန်ထားသည်။

**(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု ပြုမူပြောဆိုမှုများ မပြုလုပ်ရန်၊**

**(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူပြောဆိုမှုများ မပြုလုပ်ရန်၊**

**(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်၊**

**(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆိုကြိုးပမ်းမှုများကို မပြုလုပ်ရန်၊**

**(င) ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန်၊**

**(စ) သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇နာရီမှ ညနေ ၆နာရီအတွင်းသာ ရေပက်ကစားကြရန်** တိုက်တွန်းနှိုးဆော်ထားသည်။

မြန်မာ့ယဉ်ကျေးမှုမဟာသင်္ကြန်သည် မူလကပင် ယဉ်ကျေးမှုအစဉ်အလာ ရှိခဲ့သည်။ သို့ရာတွင် အနောက်တိုင်း ယဉ်ကျေးမှုများ ရောနှောကာ ခေတ်မီလိုကြသူများ၏ အဆန်းထွင်မှုကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိခိုက်လာနိုင်သဖြင့် စည်းကမ်းထိန်းသိမ်းကြရခြင်း ဖြစ်သည်။

မဟာသင်္ကြန်ကာလတွင် လူတိုင်းရေပက်ကစားနိုင်သည်မှန်သော်လည်း ဥပုသ်စောင့်ရန်သွားသော ပုဂ္ဂိုလ်များ၊ သင်္ကြန်ကာလအတွင်း တာဝန်ထမ်းဆောင်နေရသူများကို ခွဲခြားနားလည်သင့် ပေသည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ရေကစားကြသူများအနေဖြင့် ယဉ်ကျေးပျော်ရွှင်စွာ ပါဝင်ရေကစားကြရင်း ဘေးရန်ကင်းဝေးစေရေးအတွက် စည်းကမ်းထိန်းသိမ်းလိုက်နာ ရေကစားသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဘွဲ့တံဆိပ်တော်ရ ဆရာတော် ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်

**ရန်ကုန် ဧပြီ ၁၁**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိပါရဂူစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာနန္ဒအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁/၂၀၀၄ ဖြင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား တပည့်ဒါယကာ၊ ဒါယိကာမများက မေ ၁၆ ရက်တွင် ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိပါရဂူကျောင်းတိုက်၌ ကျင်းပပူဇော်မည်ဖြစ်၍ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

**မတ် ၂၉ ရက်က အဘိုးအဘွားနှင့် မိဘတို့အား ရည်စူး၍ အမှတ် ၄၅ ၄၇ လှိုင်မြစ်လမ်း ပေါက်တောရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့နေ သမီးကြီး ဒေါ်စောရှင်၊ သမီးငယ် ဒေါ်မြမြဋ္ဌေးတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအတွက် ထာဝရ ဆွမ်းပဒေသာပင် ကျပ်သုံးသိန်းနှင့်ထာဝရဆေးပဒေသာပင်အတွက်ကျပ်နှစ်သိန်းတို့ကို လှူဒါန်းရာဇီဝိတဒါနသံဃာ့ဆေးရုံ ဥက္ကဋ္ဌက လက်ခံရယူစဉ်။ (က-ပ)**

## နှင်းဆီကုန်း ဘိုးဘွားရိပ်သာ မဟာသင်္ကြန်ရက်များအတွင်း စုပေါင်းဒါနပြုမည်

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် မဟာသင်္ကြန်ရက်များအတွင်း အလှူဒါနများကို နှစ်စဉ်ကဲ့သို့ ကျင်းပမည်ဖြစ်သည်။

မဟာသင်္ကြန်အကြိုနေ့ညနေတွင် ဘိုးဘွားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများစုပေါင်း၍ ဆွမ်းတော်ကြီးပွဲများ လှည့်လည်ပြီး မဟာသင်္ကြန်အကျနေ့ နံနက်စောစောတွင် မြတ်စွာဘုရားအားရည်စူး၍ အရဏ်ဆွမ်း၊ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။ မဟာသင်္ကြန်အကြိုနေ့မှ မြန်မာနှစ်ဆန်း တစ်ရက်နေ့အထိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများ၊ ဘိုးဘွားများအား နေ့စဉ်အထူးကျွေးမွေးလှူဒါန်းကြမည်ဖြစ်ပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ပိုင်းတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြမည်ဖြစ်သည်။

နှစ်ဆန်းတစ်ရက်နေ့ နံနက်၇နာရီမှစ၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ရန်ကုန်တက္ကသိုလ် ဆရာ ဆရာမ၊ကျောင်းသူကျောင်းသားများ၊ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများက ဘိုးဘွားများအားတစ်ကိုယ်ရေသန့်ရှင်းရေးကုသိုလ် ယူဆောင်ရွက်ပေးကြမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် ငါးလုပ်ငန်းဦးစီးဌာနမှ လှူဒါန်းသည့် ငါးကောင်ရေ ၄၀၀၀ ကို ဘိုးဘွားများက စွယ်တော်မြတ်စေတီ မင်္ဂလာကန်တော်ကြီးသို့ သွားရောက်၍ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြမည်ဖြစ်သည်။ ဆက်လက်၍ ရိပ်သာဝင်းအတွင်းသို့ ကြွရောက်တော်မူလာကြသော ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်ပြီး ညနေ ၅ နာရီတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြမည်ဟုသိရသည်။(မြန်မာ့အလင်း)

## စိန်စည်သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားပွဲ

**ရန်ကုန် ဧပြီ ၁၁**

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ ရိပ်သာတွင် (၂၉)ကြိမ်မြောက် ကျင်းပသော သင်္ကြန်အထူးတရားစ ခန်းပွဲဖြင့်ညစဉ်ညတိုင်း ဆရာတော်များက တရားချီးမြှင့်တော်မူကြမည်ဖြစ်သည်။ ဧပြီ ၁၂ ရက်တွင် ဘဒ္ဒန္တဣန္ဒက ညောင်ကန်အေး ဆရာတော်၊ ဧပြီ ၁၃ ရက်တွင် ဘဒ္ဒန္တ ထေရဝံသ မြန်အောင် ဆရာတော်၊ မေ ၁၄ ရက်တွင် ဘဒ္ဒန္တ နရသေဋ္ဌ သာယာအေးဆရာတော်၊မေ ၁၅ ရက်တွင် ဘဒ္ဒန္တ ကုသလ မုဒုံဆရာတော်၊ ဧပြီ ၁၆ ရက်တွင် ဦးအဇ္ဇဝ၊ ဧပြီ ၁၇ ရက်တွင် ဘဒ္ဒန္တ ကုမာရ ကျောက်ပန်းတောင်းဆရာတော်၊ ဧပြီ ၁၈ ရက်တွင် ဘဒ္ဒန္တ သညောဘာသ စိန်စည်ဆရာတော်တို့ ဟောကြားတော်မူမည် ဖြစ်သည်။

အဆိုပါ တရားပွဲတွင် ဆရာတော် ဘဒ္ဒန္တ နရပတိ (ဖြူးဆရာတော်) က ဧပြီ ၉ ရက်၊ ဆရာတော်ဘဒ္ဒန္တ ဝိဇ္ဇာသိဒ္ဓိ (ရွှေမြန်မာ ဆရာတော်) က ဧပြီ ၁၀ ရက်တို့တွင် တရားတော်များဟောကြားခဲ့ကြောင်း သိရသည်။ **(က-ပ)**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**ရန်ကုန် ဧပြီ ၁၁**

ယမန်နေ့ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ ၅၄မိနစ် ၂၈ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ မြောက်ဘက် (၂၁၃)မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး (၄ ဒသမ ၆)အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ **(သတင်းစဉ်)**

**မတ် ၃၀ ရက်က သန်လျင်မြို့နယ် ဘက်စုံထူးချွန် ဆုချီးမြှင့်ပွဲကို အထက (၂) ရတနာခန်းမ၌ကျင်းပရာ မြို့နယ် ဘက်စုံထူးချွန် ပထမဆုရ အထက (၁)သန်လျင် ပဉ္စမတန်းမှ မအေးသစ်လွင်အား မြို့နယ်ပညာရေးမှူး ဦးကျော်မင်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)**

## သင်္ကြန်ဆည်းဆာတရားပွဲ

**ရန်ကုန် ဧပြီ ၁၁**

ပဉ္စမအကြိမ် သင်္ကြန်တွင်း ဆည်းဆာတရားပွဲများကို ရန်ကုန်မြို့ အမှတ် ၅၁(က) ဖိုးစိန်လမ်း ဗဟန်းမြို့နယ် Holiday Restaurant တွင် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ဧပြီ ၁၂ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ဧပြီ ၁၃ ရက်တွင် ကျိုက္ကလော့ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ၊ ဧပြီ ၁၄ ရက်တွင် ဓမ္မဒူတ အရှင်ဝိမလ(တောင်စွန်း)၊ ဧပြီ၁၅ ရက်တွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယော ဆရာတော်)၊ ဧပြီ ၁၆ ရက်တွင် အရှင်ပုညာနန္ဒတို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၁၀ ရက်က ချင်းပြည်နယ် ပလက်ဝမြို့ မြို့နယ်ခန်းမ၌ တောင်တန်းသာသနာပြု ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိ အမှူးပြုသော ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

▼ ***ကျောဖုံးမှ***

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် သုခမြိုင်စံပြရွာသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် နယ်မြေ(၆)နယ်မြေမှူး ဦးထွန်းထွန်းဦးက သုခမြိုင်စံပြရွာ၏ တည်နေရာ၊ အဆောက်အအုံများ ဆောက်လုပ်ပေးထားမှု၊ နေထိုင်သည့်အိမ်ထောင်စုနှင့် လူဦးရေ၊ လယ်ယာမြေဖော်ထုတ်ပေးထားမှု၊ ဝင်ငွေရရှိရေး ဆောင်ရွက်ပေးထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ငြိမ်းချမ်းရေးအဖွဲ့မှ ဦးကျော်သောင်က သုခမြိုင်စံပြရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ရွာသူရွာသားများ၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သုခမြိုင်စံပြရွာအတွက် ရုပ်မြင်သံကြားစက်၊

**မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဧပြီ ၁၀ ရက်က ကျောက်တော်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူးသို့ ပေးအပ်စဉ်။ (သတင်းစဉ်)**

ဗီဒီယိုပြစက်၊ အဝတ်အထည်၊ ဗလာစာအုပ်၊ ဆေးဝါးများ၊ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

**ဖူးမြော်**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောက်တော်မြို့ မဟာမုနိဘုရားသို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရခိုင်ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂန္ဓကုဋိတိုက်အတွင်း ပြုပြင်မွမ်းမံထားမှုကို ကြည့်ရှုပြီး မဟာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်းဆက်ကပ်သည်။

**မှာကြား**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် တာဝန်ရှိသူတို့က ဓညဝတီမြို့ဟောင်း ပထမအကြိမ် တူးဖော်သုတေသနပြုလုပ်ငန်းဆောင်ရွက်နေမှု၊ နန်းတော်ရာကုန်းအပါအဝင် တူးဖော်တွေ့ရှိချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တူးဖော်တွေ့ရှိသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရှေးဟောင်းလက်ရာမပျက်စနစ်တကျ ထိန်းသိမ်းသွားရန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဓီဝတဒါန ငါးလွှတ်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောက်တော်မြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စစ်တွေခရိုင် ကျောက်တော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

အစီအစဉ်အရ ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးမျိုးသူ၊ မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်း၊ မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသိန်းနှင့် ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်တို့က မိမိတို့မြို့နယ်အလိုက် ဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေး၊ မြို့စည်ပင်သာယာရေး၊ မြို့ရေပေးဝေရေး အပါအဝင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ချက်နှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ဖြည့်ဆည်း**

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိတို့အဖွဲ့ ကျောက်တော်မြို့သို့ လာရောက်ပြီး မြို့နယ်တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျောက်တော်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးခဲ့ကြောင်း။

ယမန်နေ့ကလည်း ရခိုင်ပြည်နယ်ရသေ့တောင်နှင့် မောင်တောမြို့နယ်စပ်အစွန်အဖျားရှိ ကျေးရွာများသို့ သွားရောက်ခဲ့ပြီး ဒေသများ ဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းပေးဖွယ်ရာများကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးဖြစ်ထွန်းတိုးတက်မှုများ ရရှိလာစေရန် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ပံ့ပိုးပေးလျက်ရှိနေကြောင်း၊ တစ်ချိန်တည်းမှာပင် အခြားသောပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ဘက်စုံ၊ ကဏ္ဍစုံကဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် မိုင်ပေါင်းများစွာ ရှည်လျားသည့် ရန်ကုန်-စစ်တွေလမ်းမကြီးကို ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်-စစ်တွေလမ်းမကြီးကို ဖောက်လုပ်ရာတွင်လည်း လမ်းလုပ်ငန်းအပြင် အဆိုပါလမ်းပေါ်ရှိ တံတားအကြီးစား ၂၈စင်းအပါအဝင် တံတားအကြီး၊ အလတ်၊ အသေး ၈၀၀ကျော်ကို နိုင်ငံတော်က ငွေကြေးများစွာအကုန်အကျခံ တည်ဆောက်ပေးခဲ့ရကြောင်း။

ထို့ပြင် ပြည်နယ်အတွင်းတွင်လည်း မြို့ချင်းဆက်လမ်းများ၊ အဆင့်မြှင့်တင်ဖောက်လုပ်ပေးခြင်း၊ ကျေးလက်လမ်းများ၊ တံတားများအသစ်တည်ဆောက်ခြင်း၊ အဟောင်းပြုပြင်ခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်ပြီးလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ တိုးတက်မြင့်မားလာစေရန် တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံ၊ ဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်တည်ဆောက်ပေးခဲ့ပြီး ပြည်နယ်၏စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူဖြစ်စေမည့် အခြေခံအဆောက်အအုံများကိုလည်း စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**မှာကြား**

ဤကဲ့သို့ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးနေသကဲ့သို့ ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိက တာဝန်ယူနေကြသည့် ပြည်နယ်၊ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများနှင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားများအပိုင်းကလည်း မိမိတို့၏ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များ လျင်လျင်မြန်မြန် တိုးတက်ဖြစ်ထွန်းမှုများ ရရှိလာအောင် စေတနာအပြည့်ဖြင့် ဝီရိယစိုက်ထုတ်ပြီး စုစည်းညီညွတ်သောအားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ရခိုင်ပြည်နယ်သည် ရေ၊မြေ၊ သယံဇာတကောင်းမွန်သည့်အတွက် ဖွံ့ဖြိုးမှုအလားအလာကောင်းများစွာ ရှိသည့် ပြည်နယ်တစ်ခုဖြစ်ရာ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ အပါအဝင် ပြည်သူများအားလုံး တက်ညီလက်ညီဖြင့် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကြပါက အလျင်အမြန် တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း။

မိမိတို့၏ စိုက်ပျိုး၊မွေးမြူစီးပွားကုန်ထုတ်လုပ်ငန်းများ ဖူလုံရုံသာမက ပိုလျှံသည်အထိ တိုးချဲ့စိုက်ပျိုးမွေးမြူသွားခြင်းဖြင့် မိမိတို့ အကျိုးစီးပွားဖြစ်ထွန်းပြီး နိုင်ငံတော်အတွက်ပါ အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း။

အဓိကကျသော မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ချမှတ်ပေးထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ပါ ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းလာစေရေအောင် မိမိတို့ကိုယ်တိုင် ကျေးလက်အရောက်သွားပြီး ပြည်သူများ၏ လိုအပ်ချက်များကို ထိထိရောက်ရောက် စေတနာထား၊ ဝီရိယအားဖြင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်တော်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို မြို့နယ်ပညာရေးမှူးသို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ပလက်ဝမြို့သို့ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၁၀ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့နယ် သုခမြိုင် စံပြရွာအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ အဝတ်အထည်၊ ဗလာစာအုပ်၊ ဆေးဝါးများ၊ စားသောက်ဖွယ်ရာ များကို ပေးအပ်စဉ်။ (သတင်းစဉ်)**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းက ပညာရေး၊ ကျန်းမာရေး မြို့စည်ပင်သာယာရေး လုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များကို ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့ ရခိုင်ပြည်နယ်ရသေ့တောင်၊မောင်တောနှင့် ကျောက်တော်မြို့နယ်များသို့ သွားရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ယနေ့ ချင်းပြည်နယ် ပလက်ဝမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးလိုသည့် စေတနာအပြည့်ဖြင့် ရာသီဥတုဆိုးရွားနေသည့်ကြားမှ ရာသီဥတုအခြေအနေပေးသည်နှင့် အရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း။

ပလက်ဝမြို့နယ်မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၏ တင်ပြချက်များအရ မြို့နယ်၏ပညာရေး၊ကျန်းမာရေး၊ မြို့စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် အထောက်အကူဖြစ်စေမည့် ပံ့ပိုးပေးဖွယ်ရာများကိုလည်း ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အပိုင်းက မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ မြို့နယ်အတွင်း တာဝန်ယူနေသည့် ဌာနဆိုင်ရာများ၊ ဒေသနေပြည်သူများ အပိုင်းကလည်း မိမိတို့ တာဝန်ကျရာဒေသသည် မိမိတို့၏ဇာတိမြေကဲ့သို့ သဘောထားခံယူချက်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ကျေသဘောမထားဘဲ စနစ်တကျစီမံခန့်ခွဲ တီထွင်ကြံဆ ဝီရိယစိုက်ထုတ်ပြီး ဆောင်ရွက်ကြရေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြို့နယ်ခန်းမ၌ တောင်တန်းသာသနာပြု ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တ ပညာသာမိအမှူးပြုသော ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စစ်တွေလေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## နိုင်ငံတကာသတင်းများ

# ဘဂ္ဂဒက်မြောက်ဘက် တာကျီ၌ ပြောက်ကျားတို့တိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားယာဉ်မောင်းတစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၀

**အီရတ်တွင် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများလက်ချက်ဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးထက်မနည်းနှင့် အရပ်သား ထရပ်ကားယာဉ်မောင်းတစ်ဦးတို့ သောကြာနေ့က သေဆုံးခဲ့ကြပြီး ကြာသပတေးနေ့၌ နောက်ထပ် မရိန်းတပ်ဖွဲ့ဝင်သုံးဦး ဘဂ္ဂဒက်အနောက်ဘက်၌ သေဆုံးခဲ့ကြသည်ဟု အမေရိကန်စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။**

သောကြာနေ့၌ သေဆုံးခဲ့ကြသော အမေရိကန်တပ်ဖွဲ့ဝင်များမှာ အမှတ်(၁)မြင်းစီးတပ်ဖွဲ့မှဖြစ်ကြပြီး ဘဂ္ဂဒက်မြောက်ဘက်၊ တာကျီမြို့၌ လက်နက်ငယ်များနှင့် လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရပြီး သေဆုံးခြင်းဖြစ်သည်။ အမှတ်(၁၃) ထောက်ပံ့ရေးတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်လေဆိပ်အနီး၌ ယာဉ်တန်းတစ်ခု အတိုက်ခံရပြီး သေဆုံးခြင်းဖြစ်သည်။

**သေဆုံး**

ထို့ပြင် ယာဉ်တန်းအတိုက်ခံရမှုတွင် အရပ်သား ယာဉ်မောင်းတစ်ဦးနှင့် လူ ၁၂ ဦးလည်း သေဆုံးခဲ့သည်ဟု ကြေညာချက်၌ ဖော်ပြထားသည်။

ကြာသပတေးနေ့၌ နောက်ထပ် မရိန်းတပ်ဖွဲ့ဝင်သုံးဦး ထပ်မံသေဆုံးသွားသဖြင့် ထိုနေ့တွင်သေဆုံးသော မရိန်းတပ်ဖွဲ့ဝင်အရေအတွက်သည် လေဦးဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာက ကြေညာသည်။

**တိုက်ပွဲဖြစ်**

ဘဂ္ဂဒက်အနောက်ဘက်ရှိ ရာမာဒီနှင့် ဖော်လူဂျာမြို့များတွင် မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

# ကူဖီမြို့၌ အမေရိကန်တပ်များကို ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်

ဘဂ္ဂဒက် ဧပြီ ၁၀

အီရတ်နိုင်ငံ ကူဖီမြို့တွင် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါ၏ တိုက်ခိုက်ရေးသမားများ သောကြာနေ့က တိုက်ပွဲများ အသစ်တစ်ဖန်ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

တိုက်ပွဲသည် ညနေ ၁ နာရီ ၄၅ မိနစ်၌ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နှစ်ဖက်စလုံးက စိန်ပြောင်းများ၊ အမြောက်များနှင့် ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု ဆိုသည်။

တနင်္ဂနွေနေ့ကစပြီး အီရတ်မြို့ကြီးအချို့၌ တိုက်ပွဲများဖြစ်ပွားခဲ့ရာတွင် အရပ်သား ၄၀၀ ကျော်နှင့် အပေါင်းပါတပ်ဖွဲ့ဝင် ၄၀ ခန့် သေဆုံးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

**ဧပြီ ၁၀ ရက်က ဘဂ္ဂဒက်မှ ဖော်လူဂျာသို့ သွားသော အဝေးပြေးလမ်းကြီးပေါ်တွင် အီရတ်တို့ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသော အမေရိကန်စစ်ယာဉ်တစ်စီးကို တင့်ကားတစ်စီးဖြင့် စောင့်ကြည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီတလီလေးဦးနှင့် အမေရိကန်နှစ်ဦး အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့ ဖမ်းဆီးထား

အဘူဂါရိုပ် ဧပြီ ၁၀

**ဘဂ္ဂဒက်မြို့ပြင် အနောက်ဘက်ဒေသတွင် အီတလီလေးဦးနှင့် အမေရိကန်နှစ်ဦးကို မိမိတို့ သောကြာနေ့က ဖမ်းဆီးထားကြောင်း အီရတ်ပြောက်ကျားတို့က ပြောကြားသည်။**

အီတလီများဖြစ်ပုံရသော နိုင်ငံခြားသားနှစ်ဦးကို အဘူဂါရိုပ်ဒေသရှိ ကျေးရွာတစ်ခု၏ အဆောက်အအုံတစ်ခုအတွင်းသို့ ပြောက်ကျားတို့က အတင်း ဖမ်းဆီးခေါ်ဆောင်သွားသည်ကို ရိုက်တာသတင်းထောက်တစ်ဦးက တွေ့ရှိခဲ့သည်။

တစ်ဦးမှာ ဝဲဘက်ပခုံး၌ သေနတ်ဒဏ်ရာရထားပုံရကြောင်း၊ အဆောက်အအုံတစ်ခုအတွင်းသို့ အတင်းဆွဲခေါ်သွားရာတွင် အီတလီ အီတလီဆိုသော အော်ပြောသံကိုကြားရကြောင်း ရိုက်တာသတင်းထောက်က ပြောကြားသည်။

ပြောက်ကျားများသည် မျက်နှာဖုံးများစွပ်ထားကြပြီး ၎င်းတို့သည် အဘူဂါရိုပ်အနီး၌ ၎င်းတို့၏ကားကို ရပ်ပြီး ထိုလူများအား ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ အခြားစစ်သွေးကြွများကလည်း အမေရိကန်နှစ်ဦးကို အစောပိုင်းက ၎င်းတို့ဖမ်းထားကြောင်း ပြောဆိုကြသည်။

အီရတ်ရှိ အီတလီသံအမတ်နှင့် အီတလီစစ်ဘက် အာဏာပိုင်များက ဖမ်းဆီးခံထားရသော အီတလီများနှင့် ပတ်သက်၍ သတင်းမရကြောင်း ပြောဆိုသည်။ အယ်လ်ဒါပာက်အယ်လ်အဘီယက်ကျေးရွာအနီးရှိ တင့်ကားတစ်စီးမှ အမေရိကန်တပ်ဖွဲ့ဝင်များက အမေရိကန်အချို့နှင့် အခြားနိုင်ငံခြားသားများကို ဓားစာခံ ဖမ်းထားသည်ကို မိမိတို့သိကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

# ရှယ်ရတန်ဟိုတယ်အနီး စိန်ပြောင်းကျည်ပေါက်ကွဲ ပြောက်ကျားတို့အကြီးအကျယ်တိုက်ခိုက်လာဖွယ်ရှိ

ဘဂ္ဂဒက် ဧပြီ ၁၀

**ဘဂ္ဂဒက် ရှယ်ရတန်ဟိုတယ်အနီး၌ သောကြာနေ့က စိန်ပြောင်းကျည်တစ်လုံးကျရောက်ပေါက်ကွဲခဲ့ရာ ဘဂ္ဂဒက်မြို့လယ်ကောင်၌ တုန်ဟည်းသွားခဲ့သော်လည်း ထိခိုက်သေဆုံးမှုမရှိကြောင်း ပေါက်ကွဲမှုဖြစ်ပွားရာ နေရာ၌ရှိနေသော ရိုက်တာသတင်းထောက်က ပြောကြားသည်။**

စိန်ပြောင်းကျည်သည် ဟိုတယ်အနီးရှိ အိမ်တစ်အိမ်၏ ခြံဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ အမေရိကန်တပ်များကို ဘဂ္ဂဒက်၌ ပြောက်ကျားတို့ အကြီးအကျယ်တိုက်ခိုက်လာစရာရှိကြောင်း သောကြာနေ့တွင် သတိပေးထားသည်။

ဘဂ္ဂဒက်မြို့အနောက်ဘက်၌ လောင်စာဆီသယ် အမေရိကန်စစ်ယာဉ်တန်းကို ပြောက်ကျားတို့က သောကြာနေ့၌တိုက်ခိုက်ခဲ့ရာ ကိုးဦးထက်မနည်း သေဆုံးသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရတ်တွင် အမေရိကန်တို့ အစုအပြုံလိုက်သတ်ဖြတ်နေ လက်ဘနွန်ထိပ်တန်းခေါင်းဆောင်က ဝေဖန်ပြောကြား

ဘေရွတ် ဧပြီ ၁၀

**လက်ဘနွန်ထိပ်တန်းခေါင်းဆောင်တစ်ဦးသည် အီရတ်နိုင်ငံအား အမေရိကန်သိမ်းထားခြင်းကို ပါလက်စတိုင်းနယ်မြေများအား အစ္စရေးသိမ်းထားခြင်းနှင့် နှိုင်းယှဉ်လိုက်ပြီး အီရတ်ခုခံတိုက်ရေးသမားများအား တပ်အင်အားကို အလွန်အကျွံသုံးပြီး တိုက်ခြင်းသည် အမေရိကန်ဆန့်ကျင်ရေးသဘောထားကို ပိုမိုစေမည်သာဖြစ်သည်ဟု သောကြာနေ့က ပြောကြားလိုက်သည်။**

ပါလက်စတိုင်းတို့ကို အစ္စရေးတို့ ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်သည့် သွေးထွက်သံယိုမြင်ကွင်းများကို အီရတ်ပြည်သူတို့အား အမေရိကန်တို့ ရက်စက်စွာ အစုအပြုံလိုက်သတ်ဖြတ်ရာတွင် ပြန်မြင်တွေ့နေရကြောင်း လက်ဘနွန် ထိပ်တန်းခေါင်းဆောင် မိုဟာမက်ဟူစိန်ဖက်ဒ်လာလာက ဘေရွတ်၌ ပြောကြားသည်။ သိမ်းပိုက်မှုနှင့် အစုအပြုံလိုက် သတ်ဖြတ်မှုများကို ပါလက်စတိုင်းတွင် ပါလက်စတိုင်းပြည်သူတို့က လက်တုံ့ပြန်တိုက်ခိုက်သကဲ့သို့ မကြာသေးမီက ဖြစ်ရပ်များသည်လည်း အီရတ်ပြည်သူတို့က သိမ်းပိုက်မှုနှင့် အစုအပြုံလိုက် သတ်ဖြတ်မှုများကို လက်တုံ့ပြန်ခြင်းပင်ဖြစ်သည်ဟု ၎င်းက ပြောဆိုသည်။

အမေရိကန်နှင့် အပေါင်းပါတပ်များသည် ဘဂ္ဂဒက်အနောက်ဘက်နှင့် အီရတ်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် တိုက်ပွဲများဖြစ်ပွားနေသည်။ လွန်ခဲ့သည့် သီတင်းပတ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုအတွင်း အရပ်သားများအပါအဝင် အီရတ်ရာပေါင်းများစွာနှင့် နိုင်ငံခြားသားတပ်ဖွဲ့ဝင် ၄၀ ကျော်သေဆုံးခဲ့ရသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဘဂ္ဂဒက်အနောက်ဘက်၌ အပါချီရဟတ်ယာဉ် ပစ်ချခံရ

**ဘဂ္ဂဒက် ဧပြီ ၁၁**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက်၌ အမေရိကန် အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်တစ်စင်းကို ခုခံတိုက်ခိုက်ရေးပြောက်ကျားများက တနင်္ဂနွေနေ့တွင် ပစ်ချလိုက်ကြောင်း၊ ထိုသို့ပစ်ချခံရစဉ် ရဟတ်ယာဉ်ပေါ်ပါရှိသော တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**ဆက်လက်ဖြစ်ပွား**

အေအိပ်ချ်-၆၄ အပါချီရဟတ်ယာဉ်ကို ဘဂ္ဂဒက်အနောက်ဘက်၌ မြေပြင်မှ ပစ်ချခဲ့ကြောင်း စစ်ဘက်ပြောခွင့်ရှိသူက ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ဘက်ဒေသတွင် တိုက်ပွဲများသည် တတိယနေ့၌ အပြင်းအထန် ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။

**(အင်တာနက်)**

**ဧပြီ ၁၀ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အီရတ်မှ ဂျပန်တပ်ဖွဲ့ဝင်များရုပ်သိမ်းပေးရန် တောင်းဆိုဆန္ဒပြနေသော ပြည်သူများကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်မြို့၌ ခုခံတိုက်ခိုက်မှုများ ဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်များ အထိနာလျက်ရှိ

## အီရတ်၌ ဧပြီ ၉ရက်အထိ ကန်တပ်ဖွဲ့ဝင် ၆၄၉ဦးသေဆုံး

ဧပြီ ၁၀ရက်က ဘဂ္ဂဒက်မြို့၌ တူရကီပို့ဆောင်ရေး ကုန်တင်ယာဉ်တစ်စီးတိုက်ခိုက်ခံရပြီးနောက် မီးလောင်ကျွမ်းနေသည်ကို အီရတ်တစ်ဦးက ခဲဖြင့် ပစ်ပေါက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၀ရက်က ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေဟုခေါ်သော အမေရိကန်စစ်ဌာနချုပ်ကို ပြောက်ကျားတို့ တိုက်ခိုက်ပြီးနောက် မီးခိုးလုံးများထွက်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း **အီရတ် မြင်ကွင်း**

### တိုက်ခိုက်ခံရ

ဧပြီ ၁၀ရက်က ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမကြီးပေါ်၌ အမေရိကန်တင့်ကားတစ်စီး တိုက်ခိုက်ခံရပြီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၀ရက်က ဘဂ္ဂဒက်မြို့၌ ပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် အက်ဟာမီယာရဲစခန်းသို့ ဆုတ်ခွာလာသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

### ယာဉ် ပျက်စီး

ဧပြီ၁၀ရက်က ဘဂ္ဂဒက်အဝေးပြေးလမ်းမကြီး၌ အမေရိကန်စစ်ယာဉ် တစ်စီး တိုက်ခိုက်ခံရပြီး ပျက်စီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဘုရှ်၏အတွေးအခေါ်နှင့် နိုင်လိုမင်းထက်အပြုအမူ အီရတ်၌ထွက်ပေါက်မရှိအောင်ဖြစ်ဟု ဂျွန်ကယ်ရီပြောကြား

ချီကာဂို  မေ ၁၀

**သမ္မတလောင်းဒဗလျူဘုရှ်၏ အတွေးအခေါ်နှင့်နိုင်လိုမင်းထက်အပြုအမူသည် အီရတ်တွင် ထွက်ပေါက်မရှိဖြစ်စေပြီး အမေရိကန်ပြည်ထောင်စုအတွက် အီရတ်တွင် အောင်မြင်မှုရဖို့ခက်ခဲစေမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက သောကြာနေ့၌ ပြောကြားလိုက်သည်။**

ဘုရှ်၏ အစိုးရသည် ကိုယ်ပိုင် အတွေးအခေါ်နှင့် နိုင်လိုမင်းထက်ပြုသောအပြုအမူကြောင့် အီရတ်၌ထွက်ပေါက်မရှိဖြစ်ခဲ့ရပြီး အောင်မြင်မှုရရန် ခက်ခဲမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်အလှူရှင် နှစ်ဒါဇင်ခန့်ကို စည်းဝေးသည့် အစည်းအဝေးတစ်ခု၌ ပြောကြားသည်။

အီရတ်၌ ဆင်နွှဲသောစစ်နှင့် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးကိစ္စသည် ထင်ထားသည်ထက် ပိုရှုပ်ထွေးကြောင်းကို သမ္မတဂျော့ဒဗလျူဘုရှ်အနေဖြင့် ဝန်ခံသင့်သည်ဟု ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက ပြောကြားသည်။

ဘုရှ်သည် သူ၏အစိုးရအဖွဲ့အတွင်းရှိ ဒုတိယသမ္မတ ဒစ်ချေနီ၊ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖဲနှင့် သူ၏လက်ထောက် ပေါလ်ဝူလ်ဖိုဝစ်ဇ်တို့ကဲ့သို့ ပုဂ္ဂိုလ်များ၏ အကြံဉာဏ်ဖြင့် အီရတ်စစ်ပွဲကိုဆင်နွှဲခဲ့ပြီး စစ်ပွဲပြီးဆုံးသည့်နောက်ပိုင်းအတွက် လက်တွေ့ကျသော အစီအစဉ်မရှိကြောင်း ဝေဖန်ရေးသမားများက ပြောဆိုခဲ့ကြသည်။

ဘုရှ်သည် အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အလားအလာများကို နည်းပါးအောင်မလုပ်ခဲ့သည့်ပြင် အခွန်ထမ်းသူများကိုလည်း သက်သာအောင် လုပ်မပေးခဲ့ကြောင်း ကယ်ရီက ပြောဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

## ကင်းလှည့်

**မေ ၁၀ ရက်က ဖော်လူဂျာမြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်၌ လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေးကြီးမဖြစ်ပေါ်ရေး တိုက်ပွဲများရပ်တန့်ကြရန် ရုရှားနိုင်ငံက တိုက်တွန်းတောင်းဆို

မော်စကို  မေ ၁၀

**အီရတ်နိုင်ငံတွင် ရုတ်တရက်ပေါ်ပေါက်လာသော လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေးကြီးကို ဟန့်တားရာတွင် အထောက်အကူဖြစ်စေရန်အတွက် တိုက်ပွဲများအားလုံးရပ်တန့်ကြရန် ရုရှားနိုင်ငံက သောကြာနေ့က တိုက်တွန်းတောင်းဆိုလိုက်သည်။**

သည်းခံချုပ်တီးကြရန်အတွက် စစ်ရေးလှုပ်ရှားမှုများ ရပ်တန့်ကြရန် ရုရှားနိုင်ငံက တိုက်တွန်းကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

### အရေးကြီး

အီရတ်မြို့ကြီးများတွင် လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေးကြီးရုတ်တရက်ပေါ်ပေါက်လာမှုကို ရပ်တန့်အောင်လုပ်ရန်နှင့် ပဋိပက္ခမှုများ နောက်ထပ်အရှိန်ရလာမှုကို တားဆီးရန်အရေးကြီးကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

### ကန့်ကွက်

ရုရှားနိုင်ငံသည် ပြင်သစ်၊ဂျာမနီတို့နှင့်အတူ လွန်ခဲ့သည့်နှစ်၌ အမေရိကန်ဦးဆောင်ပြီး အီရတ်နိုင်ငံအား ကျူးကျော်မှုကို ကန့်ကွက်ခဲ့သည်။

ရုရှားနိုင်ငံသည် ဇွန် ၃၀ ရက်၌ အီရတ်အာဏာပိုင်တို့ကို အမေရိကန်ပြည်ထောင်စုက လွှဲပြောင်းပေးပြီးနောက် ဖြေရှင်းချက်တစ်စုံတစ်ရာကို ကုလသမဂ္ဂက ပိုမိုပါဝင်ကာ သေချာစွာ ပြင်ဆင်စေလိုခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

## မြန်မာ့အလင်း နိုင်ငံခြား သတင်း

## တရုတ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အနုပညာပြပွဲကျင်းပ

**တီအင်ကျင်း  မေ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြောက်ပိုင်း တီအင်ကျင်းမြို့တွင် ကြာသပတေးနေ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အနုပညာပြပွဲတစ်ရပ်ကို ကျင်းပကြောင်း သိရသည်။

အဆိုပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြပွဲမျိုးကို အမေရိကန်ပြည်ထောင်စုက ယခုလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် စတင်ပြုလုပ်ခဲ့ပြီး ကလေးများအား ၎င်းတို့မြို့နေအိမ်ပတ်ဝန်းကျင် ပိုမိုကောင်းမွန်ရေးအတွက် ရေးဆွဲကြရန် ဖိတ်ခေါ်ခဲ့သည်။

ထိုသို့ပြုလုပ်ခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရေးရာများကို ကလေးများ လေ့လာနိုင်ရန် အထောက်အကူဖြစ်စေကြောင်း ပြပွဲကို ကြီးမှူးကျင်းပသည့် ပြင်သစ်အခြေစိုက် ဗီအိုလီရာပတ်ဝန်းကျင်ရေးရာအဖွဲ့က ပြောကြားသည်။

တီအင်ကျင်းမြို့တွင်ကျင်းပသည့် အဆိုပါ ပြပွဲတွင် ၁၂ နှစ်အောက်ကလေးငယ် ၁၀၀၀ ခန့်က ပါဝင်ရေးဆွဲပြသထားပြီး ၎င်းတို့ရေးဆွဲထားသည့် ပန်းချီကားချပ်များမှ ခြောက်ခုကို ကုလသမဂ္ဂက ဆုများချီးမြှင့်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဆန္ဒပြ

**မေ ၁၀ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် အမေရိကန်အလံကို မီးရှို့၍ အမေရိကန်နှင့်အပေါင်းပါတပ်များ အီရတ်မှထွက်ခွာရေး အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသူများကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ငြိမ်းချမ်းရေးသဘောတူချက်အာမခံချက်ရှိရေး အီရတ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဖော်လူဂျာ၌ဆွေးနွေး

ဘဂ္ဂဒက်  မေ ၁၁

**အီရတ်နိုင်ငံဖော်လူဂျာမြို့တွင် လူရာပေါင်းများစွာ သေဆုံးခဲ့သောတိုက်ပွဲရက်အတန်ကြာ ဖြစ်ပွားခဲ့ပြီးနောက် ခုခံတိုက်ခိုက်ရေးသမား ပြောက်ကျားများနှင့် ငြိမ်းချမ်းရေးသဘောတူချက် အာမခံချက်ရှိစေရေး ကြိုးပမ်းရန် အီရတ်အုပ်ချုပ်ရေးကောင်စီမှ ကိုယ်စားလှယ်အဖွဲ့သည် ဖော်လူဂျာမြို့သို့ စနေနေ့က သွားရောက်ခဲ့ကြသည်။**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့၌ အုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် နှစ်ဦးပါရှိသည့် ဘဂ္ဂဒက်မြို့မှအခြားထင်ရှားသောပုဂ္ဂိုလ်များနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များပါဝင်ပြီး ယခုအခါ ဖော်လူဂျာ၌ ဆွေးနွေးလျက်ရှိသည်ဟု အုပ်ချုပ်ရေးကောင်စီဝင် မာမွဒ်အော့သ်မန်းက ရိုက်တာသို့ ပြောကြားသည်။

အီရတ် အုပ်ချုပ်ရေးကောင်စီ ကိုယ်စားလှယ် အဖွဲ့သည် ဖော်လူဂျာ၌ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ အပေါင်းပါတပ်ဖွဲ့ဆန့်ကျင်ရေးခေါင်းဆောင်များနှင့် အစည်းအဝေးလုပ်လျက်ရှိကြောင်း အော့သ်မန်းက ပြောကြားသည်။

ယင်းကိုယ်စားလှယ်အဖွဲ့၌ အီရတ်အစ္စလမ္မစ်ပါတီ၏ ဒုတိယအကြီးအကဲ ဟာကင်မ်အဲလ်ဟို့စ်နီနှင့်ကောင်စီဝင် ဂါစီအယ်လ်ယာဝါ ဆိုသူတို့ ပါဝင်ကြောင်း အော့သ်မန်းက ပြောဆိုသော်လည်း ဘဂ္ဂဒက် ဘာသာရေးပုဂ္ဂိုလ်များနှင့် ထင်ရှားသော ပုဂ္ဂိုလ်များမှာ မည်သူမည်ဝါ ဖြစ်သည်ကို မပြောဆိုဘဲ ထားသည်။

အစောပိုင်း၌အယ်လ်ဟို့စ်နီက ဖော်လူဂျာ၌ တိုက်ခိုက်နေသူများသည် စနေနေ့၌ အမေရိကန်တပ်များက ကမ်းလှမ်းခဲ့သော် အပစ်အခတ်ရပ်စဲရေးကို လေးစားလိုက်နာရန် တိုက်တွန်း ပြောဆိုခဲ့သည်။

ဖော်လူဂျာရှိ မိမိတို့ညီအစ်ကိုများအနေဖြင့် အမေရိကန်တို့က အပစ်ရပ်စဲရေးကို ၎င်းတို့လိုက်နာကြောင်း ပြောဆိုနေသည့်အတွက် ညီအစ်ကိုများဘက်မှ အပစ်ရပ်ကြရန် အီရတ်အစ္စလမ္မစ်ပါတီက တိုက်တွန်းကြောင်း ဟို့စ်နီက အယ်လ်ဂျာဇီရာသို့ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# အမေရိကန်တပ်များ ဖော်လူဂျာမှမရုပ်သိမ်းလျှင် ဖမ်းထားသောစားစာခံကိုသတ်မည်ဟု အီရတ်ပြောက်ကျားတို့ပြောကြား

ဒူဘိုင်  မေ ၁၁

**အမေရိကန်တပ်များ ဖော်လူဂျာမှမရုပ်သိမ်းလျှင် ဖမ်းထားသော အမေရိကန်ဓားစာခံကို သတ်ပစ်မည်ဖြစ်ကြောင်း အာရေဗျရုပ်မြင်သံကြားက စနေနေ့၌ ထုတ်လွှင့်ပြသသည့်တိပ်ခွေ၌ အီရတ်ပြောက်ကျားများက ပြောကြားထားသည်။**

မိမိတို့၏ တစ်ခုတည်းသော တောင်းဆိုချက်မှာ စနေနေ့ ညနေပိုင်း ခြောက်နာရီမှစပြီး ၁၂ နာရီအတွင်း ဖော်လူဂျာမြို့အား သိမ်းထားခြင်းကို ရုပ်သိမ်းပေးရန် ဖြစ်ကြောင်း ကာတာအခြေစိုက် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက ထုတ်လွှင့်သည့်အသံက ပြောကြားထားသည်။

ဤသို့ ဖော်လူဂျာမှနေ၍ အမေရိကန်တပ်များ မရုပ်သိမ်းလျှင် ဖမ်းထားခံရသူသည် ဖော်လူဂျာ၌ အသတ်ခံရသူများထက် ပိုဆိုးလိမ့်မည် ဖြစ်သည်ဟု တိပ်ခွေမှ အသံရှင်က ပြောကြားသည်။ အဆိုပါ တိပ်ခွေ၌ အီရတ်အလံ၏ ရှေ့၌ ရပ်နေသူတစ်ဦးကိုပါ ရိုက်ကူးပြသသည်။

ဗြိတိန် စကိုင်းနယူးစ်က စနေနေ့အစောပိုင်း၌ အမေရိကန်ယာဉ်တန်း အတိုက်ခံရပြီးနောက် မိမိအဖမ်းခံခဲ့ရကြောင်း ဓားစာခံ ပြောဆိုထားသည့် တိပ်ခွေကို ထုတ်လွှင့်ခဲ့သည်။ ထိုဓားစာခံက မိမိအမည်မှ သောမတ်စ်ဟားမီးလ်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားကလည်း အမေရိကန်ဓားစာခံ ဟာမီးလ်၏အခြေအနေမှာကောင်းပုံရကြောင်း၊ သူသည် ၎င်း၏ယာဉ်တန်း ချုံခို အတိုက်ခံရရာ၌ အသက်ရှင်ကျန်ရစ်သူသာဖြစ်ကြောင်း ပြောဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

# ရေဝတီတိုင်းတွင်လမ်းပန်းဆက်သွယ်မှုကောင်းမွန်၍ဒေသခံပြည်သူများတိုးတက်ဖြစ်ထွန်းသည့်အကျိုးခံစား ရရှိလာသည့်အခြေခံကောင်းများကိုထိရောက်စွာအသုံးပြု၍ တိုးတက်မှုများရရှိအောင်ကြိုးပမ်း

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရေဝတီတိုင်း ဝါးခယ်မမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် Multi Media စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းဆောင်သစ်နှင့် Multi Media စာသင်ခန်းများအတွင်း လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

ရန်ကုန် ဧပြီ ၁၁

**ရေဝတီတိုင်း ဝါးခယ်မမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် Multi Media စာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။**

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ရေဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ မိဘဆရာ အသင်းဝင်များ၊ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## ဖွင့်လှစ်

အစီအစဉ်အရ ရေဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးအိုက်ထွန်းတို့က သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ထူးချွန်ကျောင်းသားကျောင်းသူများက ရွှေကြိုးဆွဲ၍ ဝါးခယ်မမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Multi Media စာသင်ခန်းများဖွင့်ပွဲ အထိမ်းအမှတ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေး ကြသည်။

## ကြည့်ရှုအားပေး

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Electronic Media (Video System)၊ Printed Media (Reading Corner)၊ အိမ်တွင်းမှုနှင့် လက်မှုပညာခန်း၊ Electronic Media (Language Lab)၊ Computer Applications & E-Mail Computer Aided Instructionခန်းမများကို လှည့်လည်၍ ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများ၏ အနုပညာစွမ်းရည်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံခုတင်(၅၀) ဆံ့ တိုးချဲ့ဆေးရုံသစ်၊ ပြင်ပလူနာဆောင်၊ ခွဲစိတ်ကုသဆောင်၊ သားဖွားဆောင်ဖွင့်ပွဲနှင့် ဝါးခယ်မမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် Multi Media စာသင်ခန်းများဖွင့်ပွဲ အစီအစဉ်ကိုကျောင်းခန်းမ၌ကျင်းပသည်။

**ဝါးခယ်မမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်အား တွေ့ရစဉ်။ (သတင်းစဉ်)**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က အလှူရှင်များ ထည့်ဝင်ငွေများဖြင့် ဝါးခယ်မမြို့နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် မြို့စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ရေဝတီတိုင်း ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ် ပြင်ပလူနာဆောင်၊ ခွဲစိတ်ကုသဆောင်၊ သားဖွားဆောင်သစ်ဖွင့်ပွဲ၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် Multi Media စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)**

ထို့နောက်အိုလံပစ်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းက ဝါးခယ်မမြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် Multi Mediaစာသင်ခန်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝါးခယ်မမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာ တစ်စုံတို့ကိုလည်းကောင်း၊ ရေဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကွန်ပျူတာတစ်စုံကိုလည်းကောင်း ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ထို့နောက် အလှူရှင်ဒေါက်တာဇော်ထွန်းနှင့် ဒေါက်တာဒေါ်ဌေးဌေးကြည်တို့က ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံအဆောက်အအုံသစ်များနှင့်ပတ်သက်သောစာရွက်စာတမ်းများကို ဆေးရုံအုပ် ဒေါက်တာမောင်မောင်မြင့်အား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အလှူရှင် ဦးအိုက်ထွန်းက ဝါးခယ်မမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြင်ရီအား လွှဲပြောင်းပေးအပ်သည်။

## အလှူငွေလက်ခံ

ထို့နောက် ဝါးခယ်မမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဦးဌေးမြင့် (ယုဇန ဆောက်လုပ်ရေး) က ငွေကျပ်သိန်း ၁၀၀၊ ဦးထွန်းမြင့်နိုင် (Asia World Co.,Ltd.)က ငွေကျပ်သိန်း ၁၀၀၊ ဦးမောင်ဝိတ် (မောင်ဝိတ်ကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀၊ ဦးရန်ဟိုး(SMI Co.,Ltd.) က ငွေကျပ်သိန်း ၆၀၊ ဦးမောင်မောင် (Asia Express)က ငွေကျပ် ၅၄ သိန်း၊ ဦးဝင်းအောင်(ဒဂုံအင်တာနေရှင်နယ်)က ငွေကျပ် သိန်း ၅၀၊ ဦးစိုးမြင့်(FMI Co.,Ltd.)က ငွေကျပ်သိန်း ၅၀၊ ဦးအောင်ထွေး(Golden Flower Co.,Ltd.)က ငွေကျပ် သိန်း ၅၀၊ ဦးညိုမင်း(မင်းဓာနည်ကုမ္ပဏီ) က ငွေကျပ် သိန်း ၅၀၊ ဦးခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ)က ငွေကျပ် သိန်း ၅၀၊ ဦးရွှေကြိုင်(ဝါဝါဝင်းကုမ္ပဏီ)က ငွေကျပ် သိန်း ၅၀၊ ဦးအုန်းမြင့်- ဒေါ်စန်းမြင့်(ထွင့်ခေါင်ကုမ္ပဏီ)က ငွေကျပ် သိန်း ၅၀၊ ဦးသန်းမြင့်(Tosta Group)က ငွေကျပ် သိန်း ၅၀၊ ဦးအောင်မင်း (ထွင့်ခေါင်ကုမ္ပဏီ)က ငွေကျပ်သိန်း သိန်း ၅၀၊ ဦးခင်စိုး (အဏ္ဏဝါလွှမ်း)က ငွေကျပ် သိန်း ၅၀ အပါအဝင် အလှူရှင်များက ငွေကျပ် ၁၂၈၅၅၂၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးများက လက်ခံကြသည်။

ထို့နောက် ဆေးရုံငွေပဒေသာပင်အတွက် အလှူရှင်များက ငွေကျပ် ၂၃၂၃၅၀၀၀နှင့် ဆေးရုံသုံးပစ္စည်းများအတွက် ငွေကျပ် ၇၈၈၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က လက်ခံကြသည်။

***စာမျက်နှာ ၁၄ ကော်လံ ၁***

# ဒေသခံပြည်သူများ စိုက်ပျိုးရေရရှိပြီး တစ်သီးစား၊ နှစ်သီးစား၊ သုံးသီးစာ
# စက်ရုံအလုပ်ရုံများ လျှပ်စစ်ဓာတ်အားရရှိရေးသာမက မဟာဓာတ်အားလိုင်
# ချင်းတွင်းမြစ်အနောက်ဘက်ကမ်း၊ မုံရွာဒေသအနောက်ဘက်ကမ်းနှင့် ပခုက္ကူခ

**လမ်းညွှန်မှာကြား**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်၌ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်တွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဂျပန်နိုင်ငံ Kansai Electric Power Co., Inc မှ Deputy General Manager Mr. Yoichi Yoshizu အား သစ်သီးခြင်း လက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

■ ရွှေဖုံးမှ

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၁၀ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့မှ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်ရှိ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်ကိုင်းတိုင်းမှ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က နိုင်ငံအတွင်းရှိ မြစ်များ၊ ချောင်းများ၏ ရေသယံဇာတများကို အသုံးချ၍ ရေအားလျှပ်စစ်စီမံကိန်း ၂၆၈ ခု၊ ဓာတ်အားမဂ္ဂါဝပ် ၄၀၀၀၀ နီးပါးခန့်အထိ ထုတ်လုပ်နိုင်စွမ်းရှိသည့် အခြေအနေများ၊ လက်ရှိအကောင်အထည်ဖော်ပြီးသည့် လျှပ်စစ်စီမံကိန်းများနှင့် ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေများ၊ စစ်ကိုင်းတိုင်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည့် ရေအားလျှပ်စစ်စီမံကိန်းများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် ချင်းတွင်းမြစ်တစ်လျှောက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံကိန်းများ၊ ဘုတလင်မြို့နယ်တွင် ရွှေစာရေးရေအားလျှပ်စစ်

# ...းသီးစား ဝင်ငွေတိုးတက်၍ လူနေမှုအဆင့်အတန်းမြင့်မားလာမည့်စီမံကိန်းဖြစ်
# ...အားလိုင်းမှတစ်ဆင့် အခြားဒေသများကိုပါ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးပေးနိုင်
# ...ခုက္ကူခရိုင်ရှိဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာမည်

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြေနေရာအနေအထားများ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဇလဗေဒနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာတိုင်းတာမှုအခြေအနေများ၊ ရေအားလျှပ်စစ်ထုတ်လုပ်မှုစနစ်ဆိုင်ရာအချက်အလက်များ၊ အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရေအားလျှပ်စစ်စီမံကိန်း**

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဦးထွန်းကြည် ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းတွင် ဆည်မြောင်းမုံရွာဒေသ အနောက်ဘက်ကမ်းနှင့် ပခုက္ကူခရိုင်အတွင်းရှိ ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းဒေသရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသာမက ချင်းတွင်းမြစ်မှတစ်ဆင့် စိုက်ပျိုးရေရရှိပြီး သမားရိုးကျတစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစားဘဝသို့ရောက်ရှိ၍ ဝင်ငွေတိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း၊ ဒေသပတ်ဝန်းကျင်သည်လည်း စိမ်းလန်းစိုပြည်လာမှာဖြစ်ကြောင်း။

တစ်နည်းအားဖြင့် ယင်းဒေသအတွင်း၌ ခေတ်အဆက်ဆက် မဖြေရှင်းနိုင်ခဲ့သည့် ဆင်းရဲနွမ်းပါးမှုကို မြန်မြန်ထက်ထက် လျော့နည်းကျဆင်းစေမှာ ဖြစ်ကြောင်း။

**ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူး**

ထို့ပြင် မုံရွာဒေသရှိ သတ္တုမိုင်း စီမံကိန်းများနှင့် စက်ရုံ၊အလုပ်ရုံများအတွက် လျှပ်စစ်ဓာတ်အားရရှိစေရုံသာမက မဟာဓာတ်အားလိုင်းစနစ်မှ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စီမံကိန်း ဆောင်ရွက်မည့်နေရာမှ စမ်းသပ်တူးဖော်ထားသည့် မြေသားနှင့် ကျောက်သား နမူနာများကိုလည်းကောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရန် လျာထားသည့်နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရွှေစာရေးဒေသ၌ အကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၆၀ ရရှိမည့် စီမံကိန်းဖြစ်ပြီး စိုက်ပျိုးရေပေးဝေမှု အပါအဝင် ဘက်စုံအကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်များသို့ ယနေ့လှည့်လည်သွားရောက်ရာတွင် ရေရှားပါးခြောက်သွေ့သည့် အညာဒေသ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်၌ပါရှိသော ရေရှိရေးလုပ်ငန်းနှင့် ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်ရေးလုပ်ငန်းကို ဖိဖိစီးစီး ဆောင်ရွက်ပေးရမည့်အပြင် ဒေသအမြဲတမ်း စိမ်းလန်းစိုပြည်ရေးအတွက် တမာပင်၊ ထန်းပင်၊ သစ်ဆိမ့်ပင်၊ အော်ရီရှားပင် စသည့် ဒေသနှင့် ကိုက်ညီမည့် သစ်ပင်များကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးသွားကြရန် တာဝန်ရှိသူများအား မှာကြားလမ်းညွှန်ခဲ့သည်။

(သတင်းစဉ်)

**တာဝန်ရှိသူများ ကြိုဆို**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။**
(သတင်းစဉ်)

ဦးစီးဌာနက အဓိကထားဆောင်ရွက်ရမည့် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ချင်းတွင်းမြစ်ရေလွှဲခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလေးထားရမည့် ဇလဗေဒဆိုင်ရာနှင့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များ၊ ရွှေစာရေးပတ်ဝန်းကျင်ဒေသ၌ ချင်းတွင်းမြစ်ရေလွှဲခြင်းလုပ်ငန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်သည့် မြေနေရာ အနေအထားများ၏ ဆက်စပ်တည်ရှိမှုများကို ရှင်းလင်းတင်ပြသည်။

**မြန်မြန်ထုတ်လုပ်**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ချင်းတွင်းမြစ်၏ ရေသယံဇာတကို အသုံးချ၍ ရေအားလျှပ်စစ် မြန်မြန်ထုတ်လုပ်နိုင်ရန် အရေးကြီးကြောင်း။

ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ် စီမံကိန်းအဆင့်ဆင့်ရှိသည့်အနက် ဤရွှေစာရေးကျေးရွာပတ်ဝန်းကျင်၌ အကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ တစ်ဆင့် အခြားဒေသများကိုပါ လျှပ်စစ်ဓာတ်အား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မှာဖြစ်ကြောင်း။

ဤသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် စိုက်ပျိုးရေပေးဝေမှုအပြင် ချင်းတွင်းမြစ်အတွင်း ရေကြောင်းသွားလာမှုကိုလည်း ရာသီမရွေး လွယ်ကူစွာသွားလာနိုင်စေမှာဖြစ်၍ ရွှေစာရေးဒေသ၏ ရေအားလျှပ်စစ်စီမံကိန်းသည် ဘက်စုံကဏ္ဍစုံမှ အကျိုးရှိသော စီမံကိန်းကြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အပိုင်းက ဤဒေသ၌ ချင်းတွင်းမြစ်ရေကို အသုံးချ၍ ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နိုင်အောင် အလေးထားနေခြင်းဖြစ်ရာ သက်ဆိုင်ရာ ပညာရှင်များက အသေးစိတ် ကွင်းဆင်းလေ့လာ စိစစ်တိုင်းတာမှုများပြုလုပ်၍ တည်ဆောက်သွားမည့် ဒီဇိုင်းအပါအဝင် စီမံကိန်းဆိုင်ရာ လိုအပ်ချက်များကို အမြန်ဆုံးဖော်ထုတ်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဂျပန်နိုင်ငံ Kansai Electric Power Co., Inc. မှ Deputy General Manager Mr.Yoichi Yoshizu အား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

**ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း**

| | |
|---|---|
| စီမံကိန်းအမည် | ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း |
| တည်နေရာ | စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ် |
| စက်တပ်ဆင် အင်အားမဂ္ဂါဝပ် | ၆၀၀ |
| တစ်နိုင်ငံလုံး ရေသယံဇာတ၏ ရာခိုင်နှုန်း | ၁၆ ဒသမ ၅ |
| စီးဆင်းသောမြစ် | ချင်းတွင်းမြစ် |

## သန်လျင် ရခိုင်ရိုးရာ ရေသဘင် ဆင်နွှဲမည်

**ရန်ကုန် ဧပြီ ၁၁**

သန်လျင်မြို့ အောင်ချမ်းသာ (၂)ရပ်ကွက် (၁၇)ကြိမ်မြောက်ရခိုင်ရိုးရာ ယဉ်ကျေးမှု ရေသဘင်ပွဲတော်ကို ဧပြီ ၁၂ ရက်မှ ၁၆ရက်အထိ ရခိုင်စာကြည့်တိုက်မဏ္ဍပ်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

(က–ပ)

## သားငါးပွံ့ဖြိုး ပြည်အကျိုး

# ဂျာနယ်ကျော် ဦးချစ်မောင်၏လက်ရာ သင်္ကြန်ခါ ကဗျာတစ်ပုဒ်

**လူမော်ဟန်**

ကောဇာသက္ကရာဇ် ၁၃၆၅ခုနှစ်မှ ၁၃၆၆ခုနှစ်သို့ ကူးပြောင်းချိန် ရောက်လေပြီ။ သင်္ကြန်ဟူသည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း၏ သင်္ကေတလက္ခဏာဖြစ်ရာ အတာရေသဘင်ပွဲကို ယှဉ်တွဲကျင်းပမြဲ ဖြစ်သည်။ နိုင်ငံတော်ကြီးအတွင်း အပြင်နှစ်ဌာန အေးချမ်းသာယာမည့် အတိတ်ကောင်း၊ နိမိတ်ကောင်းအဖြစ်ခံယူကာ သင်္ကြန်ရေအေး လောင်းပက်ခြင်း၊ ရေကစားခြင်းတို့ကို ဝမ်းပန်းတသာ ကြိုဆိုအပ်ပေသည်။

**သို့ရာတွင် အမျိုးသားယဉ်ကျေးမှုအစဉ်အလာကို မျက်ကွယ်ပြုပြီး အပျော်မလွန်မိကြဖို့ လိုသည်။ သက်ဆိုင်ရာက နှိုးဆော်ထားသကဲ့သို့ "အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ၊ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ"ဟူသော ဆောင်ပုဒ်ကို လိုက်နာကျင့်သုံးကြရန် ရေကစားသူတိုင်း ယင်းတာဝန်ကိုယ်စီရှိပါ၏။** ထို့အပြင် မလိုလားအပ်သည့် ဆိုးကျိုးများမဖြစ်ပေါ်စေရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်လည်း လိုအပ်ပါသည်။

ယခုခေတ် လူငယ်များ အလွန်ကံကောင်းလှသည်။ အမျိုးသမီး၊ အမျိုးသားတို့ အပြန်အလှန် လွတ်လပ်စွာ ရေပက်ကစားနိုင်ကြသည်။ ရှေးအခါကမူ သင်္ကြန်တွင်း၌ သမီးပျိုလေးများမှာ ဥပုသ်သီတင်းစောင့်ရန် ကျောင်း၊ ကန်၊ ဇရပ်သို့ သွားသည်မှအပ အိမ်ပြင်ထွက်လေ့ မရှိကြသဖြင့် ရေပက်လိုလျှင် မိဘအုပ်ထိန်းသူထံ ဦးစွာခွင့်တောင်းရသည်။ ခွင့်ပြုချက်ရမှ သူ့ခြံတွင်းဝင်ကာ လောင်းပက် ကြရသည်။ ဒါကိုပင် အချို့သော အရှက်အကြောက်ကြီးသူများက အိမ်ရှေ့ထွက် ရေပက်မခံဘဲ ပုန်းအောင်းနေတတ်သေးရာ အစ်ကို ကာလသားတို့ မောကြရသည်။ တစာစာနှင့် အခါခါ အော်ခေါ်ကြရသည်။ ကြာသော် လူကြီးများက မနေသာတော့ဘဲ သမီးပျို၊ တူမပျိုများအား ချော့မော့၍ ခေါ်ထုတ်ပေးကြရလေသည်။ ဤအခါတွင်ကား ရေပက်ကြ၊ လောင်းကြ၊ ရှောင်ကြ၊ တိမ်းကြနှင့် သောသောညံကာ ပျော်စရာပတ်ဝန်းကျင်တစ်ခု ဖြစ်သွားတော့သည်။

အကယ်၍ အမျိုးသမီးငယ်များ အကြောင်းကိစ္စတစ်ခုခုဖြင့် အပြင်လမ်းမသို့ ထွက်ဖို့ရှိခဲ့သော် လူကြီးသူမများက ဆောင်ရန်၊ ရှောင်ရန်တို့ကို ကြိုတင်သတိပေး မှာကြားတတ်၏။ ဆိုဆုံးမစကားကို လိုက်နာသူ အများအပြားရှိသကဲ့သို့ မိမိကိုယ်မိမိ အထင်ကြီးပြီး စွန့်စားလိုသူလည်းမရှားပေ။ ထိုသို့သော မယ်စွန့်စားများ လမ်းမအလယ်တွင် ရေပက်ဖို့ချောင်းနေသူ ကာလသားများနှင့် ရင်ဆိုင်တွေ့သော် မည်သို့ဖြစ်မည်နည်း၊ ဖြစ်နိုင်ခြေတို့ကို တွေးတောခံစားမိသူ ဂျာနယ်ကျော်ဦးချစ်မောင်က အောက်ပါအတိုင်း ကဗျာတစ်ပုဒ်ကို ရှားရှားပါးပါး ရေးဖွဲ့ထားလေသည်။

### သင်္ကြန်အပျိုဘွဲ့ သုံးထောင့်အိုင်

ချစ်တဲ့သူငယ်လေး၊ သူငယ်ချင်းရယ်ကောင်း၊ ယောက်မတို့လေး။ ။

ရာသီငယ်မှတန်ခူး၊ ဆော်လေညင်း မင်းလွင်မြူး၊ စိတ်ရူးထလို့ လွမ်းတတ်တယ်။ သင်္ကြန်ခါများ ကြိမ်လာငြားမူ၊ ယောကျ်ားကြီးငယ်၊ ရွှင်လိုအားနှင့် တစ်ပါးမယ်ကို၊ ဘယ်ဝယ်ဝိုင်းဝန်း၊ ရေတံပိုး အညှိုးနှင့်သွန်းလျှင်၊ ရွှေခွန်းမတုံ့ အသာငုံ့လို့၊ သူ့ဘုံကြားက၊ လျင်လျားစောစွာ၊ မထွက်လာမူ၊ ဆက်ကာဆက်ကာ ပက်တတ်တယ်။ ။ပြွန်တံကြီး ရေထဲမှာစိုက်၊ အသာပိုက်လို့ လာလိုက်ခဲ့လျှင်၊ ကညာရယ်မှ ပျိုဖြန်း၊ ကျောတွေချမ်းလို့ ခြေလှမ်းငင်၊ ကြွေးရှင်တွေ့နှယ် သုတ်ခဲ့ကွယ်။ တလှုပ်လှုပ်နှင့်၊ မသုတ်ခဲ့လျှင်၊ ကိုရွှေယောကျ်ား၊ အထင်မှားလို့၊ နောက်များတစ်ဖန်၊ သူ့ရွှေပြွတ် ရေလွှတ်ပြန်မူ၊ မတန်ကျိုးနည်း၊ မယ့်ရှိရင်တွင်းပစ္စည်းတို့၊ ရောင်ငြီးဝင်းလက်၊ လျှပ်စစ်ပြက်သို့၊ သူ့မျက်စိဝယ်၊ ငြိတတ်တယ်။ ။ မိဘဘိုးဘွား၊ ဆိုစကားကို နားမျှမဝင်၊ ထိမထင်ဘဲ၊ ပျိုလွင်ဖြူထွား၊ ကိုယ့်စွမ်းအားကို၊ ယုံစားတည့်လို့၊ မရှားခဲ့မူ၊ ယောကျ်ား သောင်းထောင်၊ မယ့်ကိုယ်တွင်း ထွင်းဖောက်အောင်ကို၊ ကန်ပေါင်ကျိုးသို့၊ တံပိုးရေလွှတ်၊ မယ့်မှာစွတ်လို့၊အဝတ်ပါးလုပ် သားမှာကပ်လို့မို့၊ချပ်ရပ်နိမ့်မို့ သွင်နဂို မြင်လိုကြည့်ကြ၊မဆိုသော်လည်း ဆိုကာပြသို့၊ တစ်စငယ်မှ မချန်၊ ကိုရောင် လွှတ်ဖို့၊ တမွတ်ဖန်၊ လေလံပေးသို့ တွေးတတ်တယ်။ ။ အမယ်မင်း ဖြစ်ရလေခြင်း သင်္ကြန်ခါတော်၊ပျိုတစ်ဖော်တို့၊ မတော်တန်သင့်၊ ရှက်ကုန်ဖွင့်မယ်လို့၊ တဖြင့်ကြံလျှင်၊ နိုင်ငံတော်မျက်နှာမွဲလို့၊ ရှက်ကွဲမယ့်ရှင်၊ အို–အပျိုစင်၊ ငယ်ကကျွမ်းတာမို့၊ ခွန်းဆိုမြစ်တား။ ။

အဆိုပါ ကဗျာ၏ အဆုံးပိုဒ်တွင်ပါရှိသော **"သင်္ကြန်ခါတော်၊ ပျိုတစ်ဖော်တို့ မတော်တန်သင့်၊ ရှက်ကုန်ဖွင့်မယ်လို့၊ တဖြင့်ကြံလျှင်၊ နိုင်ငံတော် မျက်နှာမွဲလို့၊ ရှက်ကွဲမယ့်ရှင်"**ဆိုသည်မှာ ယနေ့ မိမိတို့ကြွေးကြော်နေသည့် "အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ"နှိုးဆော်ချက်နှင့် ထပ်တူပင်ဖြစ်သည်။ သင်္ကြန်တွင် လွန်လွန်ကဲကဲ သရုပ်ပျက်သမျှ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ချသလိုသာ ဖြစ်ပေလိမ့်မည်။

ဆရာဦးချစ်မောင်သည် လူအနေ တည်ငြိမ်အေးဆေးသလောက် ကဗျာလင်္ကာ ဉာဏ်ရွှင်သူဖြစ်ကြောင်း သူ၏ နေ့စဉ်မှတ်တမ်းနှင့် "သူလိုလူ"ကို ဖတ်မှ ပိုမိုသိရသည်။ စာစပ်မြန်ပုံ နမူနာတစ်ခု ထုတ်ပြချင်ပါသေး၏။ တစ်နေ့သောအခါ မြန်မာအဆွေ(အေဝမ်းရုပ်ရှင်)မှ ရိုက်ကူးသော "မြခွာညို" ဇာတ်ကားရုံတင်သဖြင့် ဆရာဦးချစ်မောင်တို့ သွားကြည့်ကြသည်။ရုပ်ရှင်အပြီး ပလာဇာရုံမှအထွက်တွင် ဝေဖန်ချက်ရေးပေးပါရန် ရုတ်တရက် တောင်းပန် ကြလေရာ တေးထပ်တစ်ပုဒ်ကို တစ်မုဟုတ်ချင်း ကောက်ကာငင်ကာ ရေးစပ်ပေးသွားလေသည်။ ယင်းတေးထပ်ကိုဒဂုန်မဂ္ဂဇင်းတွင်အောက်ပါအတိုင်း ဖော်ပြခဲ့ကြောင်း သိရ၏–

"ချိန်ဟုတ်ပေါင် ခါမသင့်ပါဘဲ၊ လာပွင့်တဲ့ခွာညို၊ စွာဝင့်မယ့် ခရာပိုသည်၊ ဘာလိုလိုမှုဆန်း။ ။ ပလာဇာရုံ နန်းဆီမှာ၊ထုံနံ့ရည်သင့်တဲ့ သည်ပန်း။ ။ တော်ပါပေ့ ဟံသာဗွေမှာ၊ မြန်မာ့ဆွေ အေဝမ်း၊ ကြံကြပေ မသွေတမ်းသာပ၊ အခြေမှန်းမြင့်အောင်။ ။ ပလီအင် စီစဉ်တတ်ပါပေ့၊ တီထွင်ဇာတ်ကားများထိပ်ခေါင်။ ။ ထုံရနံ့ ရုံ နံ့လှောင်သည်၊ ဂုဏ်ပျံ့အောင် လေပြည်ဖျန်း ပါပေ့၊ နေပြည်ဝှမ်း ဝေးနီ ကြေညာ၊ မွှေးပြီးမွှေးရာ။ ။ပန်းခွာညိုတော် မာလာငယ်၊ ဩော် ခါခါ သင်းလေငဲ့လေး။"

ဆရာဦးချစ်မောင်သည် ကဗျာရေးစပ်မှုဉာဏ် သွက်လက်သည်သာမက ရေးစပ်ရာတွင်လည်း အချက်အလက်ထိမိလှသည်။ ပြုပြင်ရန်လိုအပ်သည်တို့ကို သွယ်ဝိုက်မနေဘဲ တိုက်ရိုက်ရေးချ သိမြင်စေသည်။ သင်္ကြန်ခါအတွက် ရေးစပ်သော ၎င်း၏ကဗျာတွင် ထိုအချက်ကိုရှင်းလင်းစွာ တွေ့မြင်နိုင်သည်။ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးသည် နိုင်ငံတော်အတွက်အရေးကြီးပုံကို ဖော်ပြထားသည်။ **"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်"**ဟူသည့် အချက်ကို အဆိုပါ သင်္ကြန်ခါကဗျာတစ်ပုဒ်က အထင်အရှား မီးမောင်းထိုးပြထားပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၂–၄–၂၀၀၄**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ မြန်မာသင်္ကြန်
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၅။ မြန်မာသင်္ကြန်
- ၄း၄၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Gross Domestic Product (အိမ်တွင်းစီးပွား၊ ဥပဒေ)
- ၅း၃၀ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ မြန်မာ့ရှုခင်း
- ၆း၃၅ ၁၄။ လျှပ်တစ်ပြက်
- ၆း၄၅ ၁၅။ မေးမြန်းစူးစမ်း
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သင်္ကြန်မိုး"** (အပိုင်း–၁) **ဒါရိုက်တာ**–ဦးတင်ဦး **သရုပ်ဆောင်**–နေအောင်၊ ဇင်ဝိုင်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့်
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း–၃၁)
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

## ပြည်လုံးချမ်းသာ အေးကမ္ဘာအောင်မြေ ကျိုက်ထီးရိုးစေတီ ထီးတော်တင်လှူပွဲ

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်ဘုန်းပွင့်တောင် အောင်သိဒ္ဓိပါဠိကျောင်း(ရာသက်ပန် သက်သတ်လွတ်)ကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသော ပြည်လုံးချမ်းသာအေးကမ္ဘာ အောင်မြေကျိုက်ထီးရိုးစေတီ ထီးတော်တင်လှူပူဇော်ပွဲနှင့် သံဃာတော်အရှင်သူမြတ် ခုနစ်ပါးတို့အား သိက္ခာထပ်အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ၄ရက် နံနက်၇နာရီက ကျင်းပသည်။

အခမ်းအနားသို့ တိပိဋကရေ တိပိဋကကောဝိဒ မော်ကျွန်းသာသနာပြုဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုသော တိပိဋကဆရာတော်များ၊ အောင်သိဒ္ဓိပါဠိကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် ဆရာတော် သံဃာတော်များ၊ မရမ်းကုန်းမြို့နယ် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊အလှူရှင် ဦးအောင်မင်း–ဒေါ်စန်းစန်းမြိုင် (အောင်သပြေတာယာကွန်ပေါင်းလုပ်ငန်းပိုင်ရှင်)မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်၍လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။ (၄၂၁)

## သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

- (က) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
- (ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

**မရမ်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃–၂၀၀၄ခုနှစ် ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မတ် ၉ရက်က ကျောင်းခန်းမတွင် ကျင်းပရာ စတုတ္ထတန်းမှ မဆုမွန်လွင်အား ကျောင်းအုပ်ဆရာကြီး ဦးသန်းအေးက သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။** (က–ပ)

## ပေးအပ်

**ရန်ကင်းမြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ၆ရက်က ရန်ကင်းမြို့နယ် အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ ရန်ကင်းမြို့နယ် (၈)ရပ်ကွက်မှ သင်တန်းမှူး ဦးလှကိုက သင်တန်းဆင်းလက်မှတ် များပေးအပ်စဉ်။** (က–ပ)

၁၃၆၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသူကလေးများ၏ အလှအပ အကများဖြင့် ရိုးရာသင်္ကြန်ကို ဤသို့ကြိုဆိုခဲ့ကြသည်။
(ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း)

၁၃၆၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ လှပျိုဖြူကလေးများ သင်္ကြန်အက အလှများဖြင့် ဖျော်ဖြေခဲ့ကြစဉ်။
(ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း)

၁၃၆၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသူလှပျိုဖြူလေးများ၏ အလှ အပ အကများဖြင့် ရိုးရာသင်္ကြန်ကို ဤသို့ကြိုဆိုခဲ့ကြသည်။
(ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း)

၁၃၆၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ လှပျိုဖြူလေးများ၏ အလှအပအကများဖြင့် ရိုးရာသင်္ကြန်ကို ကြိုဆိုခဲ့ကြသည်မှာ…။
(ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း)

# ၁၃၆၄ ခုနှစ်
# ရိုးရာမဟာသင်္ကြန်
## အမှတ်တရမှတ်တမ်းဓာတ်ပုံများ

၁၃၆၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ လှပျိုဖြူကလေးများ၏ အလှအပအကများဖြင့် သင်္ကြန်ကို ကြိုဆိုခဲ့ကြစဉ်။
(ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း)

၁၃၆၄ ခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် အနော်ရထာလမ်းတစ်လျှောက် ဤသို့ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

၁၃၆၄ ခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် လှပျိုဖြူတစ်ဦးက ဤသို့ အကဖြင့်ဖြေဖျော်ခဲ့သည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

# ဝါးခယ်မမြို့ ရွှေသံလွင်ပရိယတ္တိကျောင်းတိုက်အဆောက်အအုံ ရေစက်ချလှူဒါန်းပွဲမင်္ဂလာအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၁

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာအနီးသို့ရောက်ရှိကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း ဝါးခယ်မမြို့သို့ရောက်ရှိကြရာ မြောင်းမြခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့ သကျမဟာသီရိ မြတ်စွာဘုရားအား ပူဇော်ကန်တော့ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်း ဝါးခယ်မမြို့ သကျမဟာသီရိ မြတ်စွာဘုရားအား ပူဇော်ကန်တော့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခင်မောင်သန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝါးခယ်မမြို့နယ်အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင် ရွှေသံလွင်ကုမ္ပဏီမိသားစုများ၊ တပည့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဧရာဝတီတိုင်း ဝါးခယ်မမြို့ ရွှေသံလွင်ပရိယတ္တိကျောင်းတိုက် အဆောက်အအုံရေစက်ချလှူဒါန်းပွဲ မင်္ဂလာအခမ်းအနားတွင် ရွှေသံလွင်ပရိယတ္တိစာသင်တိုက် ငွေပဒေသာပင်အတွက် ရွှေသံလွင်ကုမ္ပဏီမိသားစုက ငွေကျပ်သိန်း ၅၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သက်၍ ရှင်းလင်း လျှောက်ထားသည်။

**လှူဒါန်း**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းဒါယကာ ဒါယိကာမများ ဖြစ်ကြသော လူမှုထူးချွန်(ပထမဆင့်)သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း၊ ဇနီး သီဟသုဓမ္မသိင်္ဂီ

ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သကျမဟာသီရိ မြတ်စွာဘုရားအတွက် အလှူငွေများကိုပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧရာဝတီတိုင်း ဝါးခယ်မမြို့ ရွှေသံလွင် ပရိယတ္တိကျောင်းတိုက် အဆောက်အအုံ ရေစက်ချလှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

ရေစက်ချမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ ဝါးခယ်မမြို့ သာသနဟိတကာရီ ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒောဘာသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဒါယကာ ဒါယိကာမများ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ ရေစက်ချမင်္ဂလာ အခမ်းအနားကို နာမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ သာသနဟိတကာရီ ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဝါးခယ်မမြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးစောကြိုင်က ရွှေသံလွင် ပရိယတ္တိ စာသင်တိုက်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီ) မိသားစုက ရွှေသံလွင် ပရိယတ္တိ စာသင်တိုက်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ အစိုးရဓမ္မာစရိယ ဘဒ္ဒန္တ ကုသလ (M.A,Buddhism) အားဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေသံလွင် ပရိယတ္တိစာသင်တိုက် ငွေပဒေသာပင်အတွက် ရွှေသံလွင်ကုမ္ပဏီမိသားစုက ငွေကျပ်သိန်း ၅၀၊ ဦးမျိုးသန့်၊ ဒေါက်တာနန်းဦးခိုင်တို့က ငွေကျပ် ၁၀ သိန်း၊ ဝါးခယ်မမြို့နယ်အသင်း ဖွံ့ဖြိုးရေး ရန်ပုံငွေမှငွေကျပ် ၁၀သိန်းနှင့် ဦးအောင်မင်းနှင့်ဇနီး ဒေါက်တာမေသန့်ဇင်တို့က ငွေကျပ် ၂၅၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းတို့က လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကျွန်းကုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဏဝံသက ရေစက်ချတရားချီးမြှင့်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

ရွှေသံလွင်ကုမ္ပဏီ မိသားစုက ရွှေသံလွင် ပရိယတ္တိကျောင်းတိုက် အဆောက်အအုံကို ငွေကျပ်သိန်း ၆၇၀ အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း ဝါးခယ်မမြို့၌ ရွှေသံလွင်ကုမ္ပဏီမိသားစုက ဆောက်လုပ်လှူဒါန်းသည့် ရွှေသံလွင်ပရိယတ္တိကျောင်းတိုက်အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

## ARF အဖွဲ့ဝင်နိုင်ငံများ၏ ယုံကြည်စိတ်ချမှု တည်ဆောက်ရေးလုပ်ငန်းများ အထောက်အကူပြုအုပ်စု၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ ARF အဖွဲ့ဝင်နိုင်ငံများ၏ ၂၀၀၃-၂၀၀၄ ခုနှစ် ကြားကာလ ယုံကြည်စိတ်ချမှုတည်ဆောက်ရေးလုပ်ငန်းများအထောက်အကူပြုအုပ်စု ဒုတိယအကြိမ်မြောက် အစည်းအဝေး၏ ပထမနေ့အဖြစ် ကာကွယ်ရေးအရာရှိကြီးများ အစည်းအဝေး(Defence Officials' Dialogue) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံမှ ဗိုလ်မှူးချုပ်သိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Colonel Li Ji တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး ARF အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ ARF အဖွဲ့ဝင်နိုင်ငံများမှ စစ်သံမှူးများ တက်ရောက်ဆွေးနွေးကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က ARF အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

**✻ ကျောဖုံးမှ**

တန်ခူးလ၏ အတာရေသွန်းခြင်း အစဉ်အလာနှင့်စပ်လျဉ်း၍ ကပိလဝတ် ပြည်မှ သာကီဝင်မင်းတို့နှင့် ပုဂံပြည်မှ နရသီဟပတေ့မင်းတို့၏ အစဉ်အလာ များကို ရှေးပညာရှိတို့က ထုတ်ဖော် ကိုးကားညွှန်ပြထားလေသည်။

## နှလုံးမွေ့လျော်ဖွယ်

အတာကူးသော တန်ခူးလအခါ၌ ကပိလဝတ်ပြည်၌နေကုန်သော သာကီ ဝင် မင်းတို့သည် နှလုံးမွေ့လျော်ဖွယ် ရှိသော ဒေဝဒဟရေအိုင်ကြီးအနီး၌ မင်းတဲဆောက်၍ ရေဖျန်းသဘင် ပျော်ရွှင်စွာ ဆင်ယင်ကျင်းပကြသည် ဟု သာသနာဝင်ကျမ်း၌ ဆိုထား ပါသည်။

မဟာရာဇဝင် ကျမ်းတွင်လည်း ပုဂံပြည် နရသီဟပတေ့မင်းလက်ထက် နွေကာလ၌ ရေဖျန်းကစားလေ့ရှိသည် ဟုသိရသည်။ နန်းတော်မှသည် မြစ်ဆိပ်တိုင်အောင် တစ်လျှောက်လုံး

အမှန်စင်စစ်ကား ရှေးရိုးအစဉ် အလာ မြန်မာ့ရိုးရာသင်္ကြန်သည် ကုသိုလ်အောင်လံစိုက်ထူရာ အခါ သမယပင်ဖြစ်သည်။ ရှေးခေတ် လူကြီး သူမများသည် သင်္ကြန်ကာလရောက် သောအခါ ဘုရား၊ တန်ဆောင်း၊ ဘုန်းကြီးကျောင်းများသို့ချဉ်းကပ်ပြီး အချို့က ဒါနမှုကို ပြုကြသည်။ အချို့ က သီလဖြင့် မွေ့လျော်ကြသည်။ ဒုစရိုက်ကို ရှောင်လျက် သုစရိုက် ကိုသာ ဆောင်ကြကုန်သည်။

ထိုကဲ့သို့သော မွန်မြတ်သည့် ဓလေ့များ ဖြစ်ပေါ်ပုံကို သိရှိလိုသဖြင့် လက်လှမ်းမီရာ စာအုပ်စာတမ်းများ ဖွေလှန်ကြည့်ရှုမိသည်။ ရှေးလူကြီး သူမများကို ချဉ်းကပ်မေးမြန်းကြည့် မိသည်။ မျက်မှောက်ကိုယ်တွေ့သင်္ကြန် နှင့် ရှေးအတိတ် တောသင်္ကြန်ကို စံထိုးကြည့်မိသောအခါ ကွာဟချက် များကို သိရသည်။

အဘဦးစံသူပြောပြခဲ့သော လွန်ခဲ့ သော နှစ်ပေါင်း၅၀ခန့်က အညာဒေသ မြင်းခြံခရိုင် ကျောက်ပန်းတောင်း

အကြောင်းသော်ကား တောစရိုက် တောဓလေ့အရ သင်္ကြန်ကာလတွင် ဗုဒ္ဓဘုရားသခင်၏ ရုပ်ပွားတော်များ ကို ရေသပ္ပာယ်လေ့ရှိကြရာ ယင်းကိစ္စ အတွက် သင်္ကြန်မကျမီ ၄-၅ ရက် စော၍ ပြင်ဆင်မှုများ ပြုလုပ်ကြခြင်း ဖြစ်သည်။

အဘတို့၏ကျောင်းမှာ ရွာနှင့် တစ်ဆက်တစ်စပ်တည်း ရှိသည်။ မန်ကျည်းပင်ကြီးအောက်၌ ကျောက် ပလ္လင်ကိုငုံ၍ ကိုရင်ကြီးများနှင့် ကျောင်းသားကြီးများက တစ်ယောက် တစ်လက် ကျောင်းသားလက်ဖြင့် ရေသပ္ပာယ်ကန်တော့ခံရန်အတွက် မဏ္ဍပ်ကြီးထိုးကြသည်။

သင်္ကြန်မကျမီကပင် ရွှေကျောင်း တော်ပေါ်မှ ကြေးဆင်းတု၊ ကျောက် ဆင်းတုနှင့် ဘုရားကိုးဆူအပါအဝင် ဗုဒ္ဓရုပ်ပွားတော်များသည် နှစ်သစ်ကူး သင်္ကြန်ရေ ကန်တော့ခံရန်အတွက် မဏ္ဍပ်အတွင်းသို့ ရွှေရောင်နှင့်ဝင်းဝင်း သီတင်းသုံးရောက်ရှိကြသည်။

**ကျေးရွာ၏ မွန်မြတ်သော ဓလေ့ဖြစ်သည့် မြန်မာ့ရိုးရာ နှစ်သစ်သင်္ကြန် ဘုရားရေသပ္ပာယ်ပွဲတွင် ရတနာသုံးပါးဦးထိပ်ထား၍ မြတ်စွာဘုရားကို ဤသို့ပူဇော်လေ့ရှိကြသည်။**

**မြန်မာတို့၏ ရှေးရိုးရာဓလေ့ ရေပက်ဟန်သည် ဤသို့ ယဉ်ကျေးလှသည်။**

တဲဆောက်ပြီး လူမမြင်သာအောင် အကာအအုံမိုး၍ မြစ်ဆိပ်မင်းတဲတွင် လည်း ကာရံပြီးသော် နန်းတော်မှ မိဖုရားမောင်းမတို့နှင့်တကွ တဲနန်း ထဲသို့ ကြွသွား၍ ရေဆိပ်တွင် ရေ ကစားကြကြောင်း ဆိုထားပါသည်။

## ရွှင်မြူးတက်ကြွ

နွေရာသီတွင် ရေအိုင်၊ မြစ်ဆိပ် တို့တွင် ရေကစားကြခြင်းကား ရာဇဝင် တွင် ထင်ရှားပါသည်။ ပူပြင်းသော နွေရာသီ တန်ခူးလ၌ အပူဒဏ်ကို သက်သာစေခြင်းငှာ ရေချိုး၊ ရေဖျန်း ကြဟန်တူပေသည်။ ဤတွင် နှစ်သစ် ကူး၍ ပိုမိုရွှင်မြူးတက်ကြွလာကြဟန် ဖြစ်သည်။

မြို့နယ် ကြက်မောက်တောင်ဆည်ကြီး ၏ အထက်ဖျား တည်ပင်တဲရွာ၏ သင်္ကြန်ဓလေ့ကို မှတ်သားသိရှိရသည်။ ရွာဦးဘုန်းတော်ကြီးကျောင်းတွင်ဖြစ် သည်။

"သင်္ကြန် မကျခင် ဗုဒ္ဓဘုရား သခင် က အရင်ကျတော်မူပါတယ်" ဟုဆို၏။ ဤကား ရတနာသုံးပါး ဦးထိပ်ထားပါသည်ဆိုသည့်အချက်ကို အလေးအနက်ပြုခြင်းပင်ဖြစ်သည်။

ကျောင်းပေါ်၌ လည်းကောင်း၊ ဇရပ်ပေါ်၌ လည်းကောင်း၊ ကျောင်း ဒကာ၊ ကျောင်းအမ၊ ဘုရားဒါယကာ၊ ဘုရားဒါယိကာမ၊ ဥပုသ်သည် အပေါင်းတို့မှာ ကျောင်းနှင့် မဆံ့ အောင် ရှိနေသည်ဟုဆိုသည်။ နံနက် ခင်းနှင့် ညနေပိုင်းတို့တွင် ကာလ သမီး၊ ကာလသားတို့က ဘုရားအား ရေသပ္ပာယ်ကြသည်။ သင်္ကြန်ပွဲတော် ကို ကုသိုလ်ပွဲဟု သဘောထားကြ သည်။ ပျော်ပွဲသဘင်အသွင် မထင် ခဲ့ချေ။

## အလွန်သိမ်မွေ့

တောဓလေ့သည် အလွန်ပင် သိမ်မွေ့လှပေသည်တကား။ယဉ်ကျေးမှု အပြည့်ဖြင့် မြန်မာတို့၏ဂုဏ်ကို သိရှိ ကျက်သရေ တင့်ဖြိုးဝေအောင် ဆောင် ရွက်ခဲ့ပေသည်တကား။ ။

**(မြန်မာ့အလင်း)**

# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်

## ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာ လူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြု အမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေ နိုင်သည့် လှုံ့ဆော်ဖန်တီးပြုမှု ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

# ပန်းတစ်ပွင့်တောင် သင်္ကြန်တရားစခန်း

**ရန်ကုန် ဧပြီ ၁၁**

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့် တောင် သာသနာပြုတောရကျောင်း ပဓာနနာယက ဘဒ္ဒန္တ ပညာသာရ ကြီးမှူး၍ သင်္ကြန်ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ထားရာ ဒုလ္လဘရဟန်းဝတ် လိုသူများ၊ တရားစခန်းဝင်လိုသူများနှင့် ရဟန်း၊ ယောဂီ ၅၀၀အတွက် အရဏ် ဆွမ်း၊ နေ့ဆွမ်း၊ အအေးလှူဒါန်းလို သူများသည် ဆရာတော်၏ တပည့် ဒါယကာ ဒါယိကာမများ ဖုန်း- ၆၄၀၁၈၁ နှင့် ပန်းတစ်ပွင့်တောင် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းနိုင် သည်။ **(က-ပ)**

# တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲနှင့် အသင်းလိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၁၁**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၅ရက်မှ မေ ၁ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ် ကွင်း၌ ကျင်းပမည်ဖြစ်ရာ တင်းနစ်ကလပ်များနှင့် တင်းနစ်အားကစား သမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ကြားထားသည်။

ပြိုင်ပွဲအမျိုးအစားမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသား အသက် ၅၅နှစ်နှင့် ၆၀အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀နှစ်၊ ၁၂နှစ်၊ ၁၄ နှစ်၊ ၁၆နှစ်နှင့်အောက် လူငယ်တင်းနစ် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်လိုသော ကလပ်အသင်း များ၊ တင်းနစ်အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၀၁-၃၇၂၃၆၀၊ ၃၈၁၉၉၁ နှင့် ဖက်စ်-၃၈၁၉၉၂သို့ ဧပြီ ၂၄ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အနောက်ခမတ်(စံပြရွာ) ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တိုင်း ခရမ်းမြို့နယ် အနောက်ခမတ်(စံပြရွာ)ကြီးတွင်နှစ်စဉ် ကျင်းပမြဲဖြစ်သော (၁၈)ကြိမ်မြောက် ဆရာကန်တော့ပွဲကို ရွာသူရွာသား များနှင့်ကျောင်းသားကျောင်းသူဟောင်း များက ၁၉၅၆ခုနှစ်မှ ယနေ့ထိ သက်ရှိထင်ရှားရှိနေသော ဆရာကြီး များအား ၁၃၆၅ခုနှစ် တန်ခူးလပြည့် ကျော် ၁၃ရက် (နှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက်တွင် အနောက်ခမတ် (စံပြရွာ) ဘုန်းတော်ကြီးကျောင်းတွင် ပူဇော်ကန်တော့ကြမည်ဟုသိရသည်။ **(က-ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၅ခုနှစ်**
**နှောင်းတန်ခူးလပြည့်ကျော်(၈)ရက်**
**(ဥပုသ်နေ့)**
**(သင်္ကြန်အကြိုနေ့)**
**၁၂-၄-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာ တော်ကြီး ဦးဥတ္တမသာရ၏ ပရိတ် တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ဆယ်စုနှစ်က ခါသင်္ကြန် (ဇော်ဝမ်း)
- ၈း၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ ဘိုင်းဒါးရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ ခါသင်္ကြန် အဆိုအကများ

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၀ ၄။ ခါသင်္ကြန်အဆိုအကများ
- ၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒ အထူး ပြု)(သတ္တဗေဒ)
- ၁၇း၁၀ ၆။ တေးဂီတအစီအစဉ်
- ၁၇း၂၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအဆိုအကများ
- ၁၇း၄၀ ၈။ ခါသင်္ကြန်အဆိုအကများ
- ၁၇း၅၅ ၉။ တေးဂီတအစီအစဉ်(မြန်မာ အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈း၀၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၁၈း၁၅ ၁၁။ Discovery
- ၁၈း၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၄။ တောင်းဆုပြည့်စုံမြတ်ဘုရား ရွှေတိဂုံ(အပိုင်း-၂)
- ၁၉း၂၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၉း၃၅ ၁၆။ ခါသင်္ကြန် အဆို အကများ
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာရုပ်ရှင်**"သင်္ကြန်မိုး"** နေအောင်၊ ဇော်ဝမ်း၊ ဇင်ဝိုင်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့် (ဒါရိုက်တာ-မောင်တင်ဦး)
- ၂၁။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ် ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်

# အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဝါးခယ်မမြို့ ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၁၁

**ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါ တိုးချဲ့ဆေးရုံသစ်ရှေ့၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ချီးမြှင့်သည်။**

အဆိုပါတိုးချဲ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ပန်းဖွားအကအဖွဲ့၊ကရင်ဒုံးယိမ်းအဖွဲ့၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## ဖွင့်လှစ်

အစီအစဉ်အရဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀)ဆံ့တိုးချဲ့ ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါ တိုးချဲ့ဆေးရုံသစ်ရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ဦးအံ့ကျော်နှင့် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးခန်းမှ ဒေါက်တာဇော်ထွန်းတို့က ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီးခုတင်(၅၀) ဆံ့တိုးချဲ့ ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဝါးခယ်မမြို့ပြည်သူ့ဆေးရုံကြီးခုတင်(၅၀)ဆံ့တိုးချဲ့ဆေးရုံသစ်ရှိပြင်ပလူနာခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် မူလဆေးရုံ အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့ဆောင်သစ်၊ ပြင်ပလူနာဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားဆောင်နှင့် ဆေးရုံသုံးပစ္စည်းများကိုဆရာမကြီးဒေါ်ပိုက်မိ၊ မောင်ဖြစ်သူ ဦးအံ့ကျော်နှင့် ညီအစ်ကိုမောင်နှမ မိသားစုများ၊ ဒေါက်တာဇော်ထွန်း မိသားစုတို့က ငွေကျပ် သိန်း၁၇၀၀ကျော်ဖြင့် ဆောက်လုပ် လှူဒါန်းကြခြင်းဖြစ်သည်။

## လှူဒါန်း

ထို့ပြင် စေတနာရှင်အလှူရှင်များက ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး အတွက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၂၃၂ ဒသမ ၃၅ သိန်းကို စိုက်ထူလှူဒါန်းခဲ့ကြပြီး တန်ဖိုးငွေ စုစုပေါင်းငွေကျပ် ၇၈၈ သိန်းဖိုးရှိ ဆေးရုံသုံးပစ္စည်းများဖြစ်သော Examination Table နှစ်လုံး၊ Dressing Trolly တစ်ခု၊ Instrument Trolly နှစ်ခု၊ Air-Conditionငါးလုံး၊ Patient Trolly တစ်ခု၊ ICU Bed နှစ်လုံး၊ X.Ray View Boxတစ်ခု၊ စားပွဲခြောက်လုံး၊ ကုလားထိုင်အလုံး ၂၀၊ LK-112 Locker တစ်လုံးနှင့် တိုင်ကပ်နာရီငါးလုံး စသည်တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ဝါးခယ်မမြို့ ခုတင် (၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်ကို တွေ့ရစဉ်။**

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်း ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး ခုတင် (၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားတွင် ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**

**(သတင်းစဉ်)**

**စာမျက်နှာ ၇ မှ**

ဆက်လက်၍ ဝါးခယ်မမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ငွေပဒေသာပင်အတွက် အလှူရှင်များက ငွေကျပ် ၁၀၃၀၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူတို့ကလက်ခံကြသည်။

ဝါးခယ်မမြို့နယ် ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန် အလှူရှင်များ လှူဒါန်းငွေမှာငွေကျပ်၂၄၉၀၃၇၀၀၀ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝါးခယ်မမြို့နယ်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း) က ကျေးဇူးတင်စကားပြောကြားသည်။

## အမှာစကားပြော

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့သည် ဧရာဝတီတိုင်း ဝါးခယ်မမြို့သူ မြို့သားများအပါအဝင် မြို့နယ်တစ်ခုလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ရမည့်နေ့တစ်နေ့ဖြစ်ကြောင်း။

ဝါးခယ်မမြို့တွင် ပရိယတ္တိကျောင်းတိုက် ခုတင်(၅၀)ဆံ့ တိုးချဲ့ဆေးရုံသစ်နှင့် ဆေးရုံအတွင်းခွဲစိတ်ဆောင်၊ သားဖွားဆောင်နှင့် ပြင်ပလူနာဌာနများ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကြီးများ သစ်လွင်ခံ့ညားစွာဖြင့် ယနေ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခုကဲ့သို့သော ရလဒ်ကောင်းတစ်ခု တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပေါ်ထွန်းလာရခြင်းမှာလည်းဦးဆောင်ဦးရွက် ကမကထ ပြုသူများနှင့် လုပ်ဖော်ကိုင်ဖက် စေတနာရှင်များ တက်ညီလက်ညီ ပံ့ပိုးဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် တစ်နိုင်ငံလုံးရှိ ပြည်နယ်၊တိုင်း၊ မြို့နယ်များအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး ဖြန့်ကြက်ဆောင်ရွက်ပေးနေရသည့်အတွက် မြို့နယ် တစ်ခုတည်းအတွက် အားလုံးပြည့်စုံအောင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း။

ယခုကဲ့သို့ ဝါးခယ်မမြို့နယ်အတွက် စေတနာရှင်များက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးမှုကြောင့် မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့်အဆောက်အအုံများပေါ်ထွန်းလာခဲ့ရသည့်အတွက် နိုင်ငံတော်၏ကိုယ်စားအရသော်လည်းကောင်း၊ ဝါးခယ်မ မြို့နယ်သူ မြို့နယ်သားများအတွက်သော်လည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း။

## အချိန်မရွေးသွားလာနိုင်

နိုင်ငံတော်အနေဖြင့် ဧရာဝတီတိုင်း၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး စသည့်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေသည့် အခြေခံလိုအပ်ချက်များစွာကို တည်ဆောက်ပေးလျက် ရှိကြောင်း။

ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လမ်း၊ တံတားများစွာတည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခင်က ရန်ကုန်မြို့မှ ဝါးခယ်မမြို့သို့ ရေလမ်းခရီးဖြင့် သွားရောက်ခဲ့ရပြီး ၁၄နာရီခန့် အချိန်ကြာခဲ့သော်လည်းယနေ့တွင်မူ ဗိုလ်မြတ်ထွန်းတံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတားကြီးများ တည်ဆောက်ပေးမှုကြောင့် မော်တော်ယာဉ်ဖြင့်တစ်ဆက်တစ်စပ်တည်းအချိန် နှစ်နာရီခွဲခန့်ဖြင့် သွားရောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ဧရာဝတီတိုင်းအတွင်း မြို့ချင်းဆက်လမ်းများ၊ ကျေးလက်လမ်းများဖောက်လုပ်ပေးခဲ့သဖြင့် မော်တော်ယာဉ်ဖြင့် အချိန်အခါမရွေး သွားလာနိုင်နေကြပြီဖြစ်ကြောင်း။

## မှာကြား

ထိုကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့လာသည်နှင့် အမျှ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာနေသည့် အကျိုးတရားများ ရရှိခံစားနေကြရပြီဖြစ်ကြောင်း။

ထို့နောက် ဧရာဝတီတိုင်းနေပြည်သူများအနေဖြင့်လည်း မိမိတို့ တိုးတက်ရရှိလာသည့် အခြေအနေကောင်းများကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုပြီး မိမိတို့ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့လူနေမှုဘဝ တိုးတက်မှုများရရှိအောင် ဝီရိယစိုက်ထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အတွက် များစွာအထောက်အကူ ဖြစ်စေမည့် အဆောက်အအုံများကို ဆောက်လုပ် လှူဒါန်းခဲ့ကြသည့် စေတနာရှင်များအား နိုင်ငံတော်၏ ကိုယ်စားအတွက်သော်လည်းကောင်း၊ ဝါးခယ်မမြို့နယ်သူ မြို့နယ်သားများ အတွက်သော်လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များသည် အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ဆေးရေးအဖွဲ့ များအားလှည့်လည်စစ်ဆေး

**ရန်ကုန် ဧပြီ ၁၁**

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

## စစ်ဆေး

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာ ကျသောနေရာများ၌တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

**(သတင်းစဉ်)**

FAME
NEUROGIN®
အာရုံကြောအားဆေး

# တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

**သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ**
**စာပလွေခင်း၊ ပဒ္ဒင်းတော်ခံ**
**စာရေးတံနှင့်၊ မြစ်ယံပွဲကြီး**
**ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း**
**မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး**
**ဂူလုံးသဲပုံ**
**စေ့စုံစီစဉ်၊ ဤသို့ယှဉ်သား**
**လစဉ်အမြဲ ဆယ့်နှစ်ပွဲ။ ။**

(လက်ဝဲသုန္ဒရအမတ်ကြီး)

တန်ခူးလသည် နှစ်သစ်ကူးသောလဖြစ်သည်။ တန်ခူးလကို အတာကူးသောလ ဟူ၍လည်း သိကြသည်။ အတာကူးခြင်းဆိုသည်မှာ နှစ်ကာလ ကူးပြောင်းခြင်းပင်ဖြစ်သည်။

တန်ခူးလ ပိတောက်ပန်းပွင့်ချိန်တွင် မြန်မာ့ရိုးရာ သင်္ကြန်ရေသဘင်ပွဲတော်ကို ကျင်းပကြသည်။ သင်္ကြန်ဟူသော စကားသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။

သင်္ကြန်အခါတွင် ဘုရားပုထိုးများကို ရေသပ္ပာယ်ကြသည်။ ကုသိုလ်ကောင်းမှုပြုကြသည်။ ရတနာသုံးပါး၊ ဆရာသမား၊ ဘိုးဘွားမိဘစသော ရိုသေထိုက်သူတို့ကို ကန်တော့ကြသည်။ သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။ တိရစ္ဆာန်များကိုလည်း ဘေးမဲ့လွှတ်ကြသည်။

သင်္ကြန်အခါတွင် တစ်ဦးနှင့်တစ်ဦးပျော်ရွှင်စွာ ရေပက်ကစားကြသည်။ အမွှေးနံ့သာရည်ထည့်ထားသော ငွေဖလား၊ သပြေခက်များနှင့် ယဉ်ကျေးစွာ ရေကစားကြသည်။ အချို့မှာ အိုးစည်ဗုံမောင်းတီးလျက် အကအခုန်များဖြင့် ရေသဘင်ပွဲကို ဆင်နွှဲကြသည်။ မြို့ကြီးပြကြီးများတွင် မဏ္ဍပ်များထိုး၍ ရေကစားကြသည်။ အလှပြသင်္ကြန်ကားကြီးများနှင့် လှည့်လည် ကပြကြသည်။

**“တပေါင်းလည်းကူး မိုးသားကျူး”** ဟူ၍ အဆိုရှိပါသည်။ ရှေးယခင်က မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့တပေါင်းလအခါတွင် တောလမ်းခရီးမှ ကြွခဲ့ဖူးသည်။ ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ဖခင်သုဒ္ဓေါဓနမင်းကြီးနှင့် ဆွေတော် မျိုးတော်တို့အား တရားဟောကြားရန် ကြွရောက်ခြင်းဖြစ်သည်။ တပေါင်းလ၏ တောတောင်ရေမြေသည် အလွန်လှပသည် ဖြစ်ရာ တောလမ်းခရီးမှ ကြွလာသော ဘုရားရှင်နှင့် သံဃာတော်တို့လည်း စိတ်ကြည်နူးချမ်းမြေ့ကြသည်။ ကာဠုဒါယီမထေရ်က လျှောက်ထားခဲ့ခြင်းဖြစ်ရာ ဂါထာပုဒ်ရေပေါင်း ၆၄ပုဒ် ရှိသည်။ မှတ်ရလွယ်အောင် ဂါထာခြောက်ဆယ်ဟု ခေါ်ကြသည်။ ယင်းကို နှောင်းခေတ်တွင် ရဟန်းစာဆို ရှင်အုန်းညိုက **“ဂါထာခြောက်ဆယ်ပျို့”** ဟူ၍ စာပေဖွဲ့၍ ရေးသားပြုစုခဲ့ရာ မြန်မာစာပေတွင် အလွန်ထင်ရှားသည်။

**ရွှေနှင်းပိတောက်**
**လဲနှင့်ပေါက်လည်း**
**တောက်သည့်မီးရောင်**
**ပြောင်ပြောင်ညီးညီး**
**ပန်းတောင်ကြီးသို့**
**ခရီးတောဝယ်**
**မြိုင်အလယ်၌။ ။**

(ရှင်အုန်းညို)

ဟူ၍ တပေါင်းလအခါ တောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို ရှင်အုန်းညိုက ဖွဲ့ဆိုခဲ့သည်။

“တပေါင်း၊တန်ခူး နှစ်လတို့သည် ဝသန္တဥတုမည်၏။ ကောင်းကင်ကြည်လင်၏။ အရွက်နုတို့ဖြင့် သစ်ပင်တို့သည် တင့်တယ်ကုန်၏။ ပေါက်၊ ချရား၊ သော်က၊ သရဖီ အစ ရှိသော ပန်းတို့သည် ပွင့်ကုန်၏။ ဥဩငှက်၊ ပျားပိတုန်းတို့ဖြင့် ပြွမ်းကုန်၏။ တောင်လေလာ၏။”

တန်ခူးလအခါသမယသည် စိတြနက္ခတ် ထွန်းပသည့် အတာနှစ်သစ်ကူးသောလဖြစ်၏။ သာယာမှုတွင်လည်း အထွတ်အထိပ် အခေါင်အဖျားတိုင်အောင် ရောက်ရှိနေကာ အခြားသောလ အခြားသောရာသီတို့ထက် သာယာမှု လွန်ကဲနေပေတော့၏။

**လတန်ခူးပေမို့၊ အလှထူးပါဘိ**
**မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ၊**
**တကယ်တမ်းသာဖြင့်**
**ဘယ်ပန်းသော် စံမတူဘု**
**နန္ဒမူ ဖန်ဂူထိပ်မှာလ**
**ပစ္စေကာ ချွေးတော်သိပ်ရတယ်**
**အေးရိပ်ဆာယာ။ ။**

ပိတောက်သည် တော်ဝင်ပန်းဖြစ်သည်။ သင်္ကြန်လက်ဆေးမိုးနှင့်အတူ ပွင့်သည်။ မြန်မာတိုင်း နှစ်သက်ကြသည်။

သစ်ပင်များမှာလည်း အရိုးကျဲတဲဖြစ်နေကြပေသည်။ ထိုလတွင် အပူရှိန်ပြင်းလာပြီးဖြစ်သော်လည်း မိုးနှင့်ကားမကင်းသေးပါချေ။

နှစ်သစ်ကူး သင်္ကြန်ကာလနှင့် ယင်းကာလ၏ ပတ်ဝန်းကျင် အချိန်များတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာသွန်းလေ့ရှိ၏။ ထိုမိုးသည် မြေပြင်အနှံ့ ပြန့်ကျဲစုပုံတည်နေကုန်သော သစ်ရွက်ခြောက်များကို တိုက်စားခြွေဆွတ် ယူဆောင်သွားလေသည်။ ထို့ကြောင့် **“တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး”** ဟူသော မိုးလင်္ကာအတိုင်း ထိုမိုးကို ဖက်ဆွတ်မိုးဟုလည်း ခေါ်ဆိုကြသည်။

**စိတြ၊ မိဿတဲ့ရာသီ**
**ရွက်ချပ်ကယ် လျှောကြွေဖြန့်ချိန်မို့**
**ဇလပ်ကလေး ဂေါ်ရွှေဇင်ကံ့တို့မှာ**
**ဖူးငုံလို့ချီ။**
**ရွှေဆံကျင်တာရာ ထွန်းပေလိမ့်**
**ရေသွန်းတဲ့လခါမှီ၊ အိုနာရီကမ္ဘာတူပဲ။**
**နှစ်ဦးငယ်ပေါ်လေ့၊ ဆိပ်မင်းပုံဖော်လို့**
**နေပြည်တော် စံတဲ့ကျွန်းမှရှင်**
**အမယ်လေး သွန်းခိုက်ရေပွဲတဲ့မှ**
**မောင်ကြီးရေ လွမ်းလိုက်လေနဲ့။ ။**

(အမည်မသိရေးစာဆို)

ထိုသင်္ကြန်မိုး ရွာသွန်းဖြိုးလိုက်သည့်အခါ အရိုးပြိုင်းပြိုင်း ဖြစ်နေသော သစ်ကိုင်းသစ်ခက်များတွင် ရွက်နုရွက်သစ်ကလေးများ ထွက်ပေါ်လာကြသည်။ တန်ခူးလ နေပူရှိန်ကြောင့် ကျက်နေသည့် မဟာပထဝီမြေကြီးမှာလည်း မြေသင်းရနံ့များ ပျံ့သင်းလာလေ့ရှိသည်။

သင်္ကြန်လက်ဆေးမိုးနှင့်အတူ ပိတောက်တွေ ပွင့်ခဲ့ပြန်ပါပြီ။ နှစ်သစ်ကူး သင်္ကြန်ကာလနှင့် ၎င်း၏ ဝန်းကျင်ရက်များတွင် **“သင်္ကြန်လက်ဆေးမိုး”**၊ **“တန်ခူးမိုးဦး”** စသော မိုးများရွာသွန်းတတ်၏။

တန်ခူးလတွင် ရွာသောမိုးကို ဖက်ဆွတ်မိုးဟူ၍လည်းကောင်း၊ သင်္ကြန်မိုးဟူ၍လည်းကောင်း ခေါ်စမှတ်ပြုကြသည်။ ထိုမိုးနှင့် စီးဆင်းလာသောရေကို ဖက်ဆွတ်ရေခေါ်သည့်နည်းတူ၊ လောင်သင်းရေဟုတစ်နည်း၊ ပြာရေဟုတစ်ဖုံ ခေါ်တွင်ကြပေသေး၏။

အတာ၏ရင်းမြစ်သဘောကို စစ်ကြောကြည့်လျှင် အတာဆိုသည်မှာ နှစ်၊ အချိန်ရာသီဟု အဓိပ္ပာယ်ထွက်ရှိသည်။ အတာကူးသည်ဆိုသော စကားနှင့် နှစ်သစ်ကူးသည်ဆိုသော စကားနှစ်ရပ်မှာ အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။

အတာနှင့်ဆက်၍ အတာကျူး၊ အတာနေ့၊ အတာရက်၊ အတာလ၊အတာရာသီ၊ အတာကျ၊ အတာသင့်၊ အတာစား၊ အတာတက်၊ အတာပြောင်း၊ အတာသစ်၊ အတာဟောင်း၊ အတာသဘင် စသည်ဖြင့် ဝေါဟာရအမျိုးမျိုးကို သုံးစွဲလျက်ရှိကြသည်။

တန်ခူးလသည် မြန်မာတို့၏ လများတွင် အဦးအစ လဖြစ်သည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသော အချိန်အခါလည်းဖြစ်ပေသည်။ တစ်နည်းဆိုသော် သင်္ကြန်ကျချိန်ပင် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးအသီးသီးတို့တွင် မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ နှစ်သစ်ကူးပွဲတော်များရှိကြသည်။ ထိုလူမျိုးအသီးသီးတို့၏ ပွဲတော်များအနက် မြန်မာ့ယဉ်ကျေးမှုနှစ်သစ်ကူးပွဲတော်မှာကား တစ်မူထူးခြားလှပေသည်။ နှစ်သစ်ကူးကာလ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကြီးကို မြန်မာနိုင်ငံတစ်ဝန်း တပျော်တပါး ဆင်နွှဲကြပေသည်။

သင်္ကြန်ဆိုသည်မှာ **“ကူးပြောင်းခြင်း”** ဟူ၍ အဓိပ္ပာယ်ရသည်။ သင်္ကြန်သည် မြန်မာတို့၏ လူနေမှုဘဝနှင့်

မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်တွင် လှပျိုဖြူများက ရိုးရာအကဖြင့် ကပြဖြေဖျော် ကြစဉ်။
(ဓာတ်ပုံ-မြန်မာ့အလင်း)

ယဉ်ကျေးမှုနယ်ပယ်တွင် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသော ကာလပင်ဖြစ်သည်။ တစ်နည်းဆိုရပါမူ မြန်မာတို့သည် နှစ်ဟောင်းမှ ကာယကံ၊ ဝစီကံ၊ မနောကံ စသည့် ကံသုံးလီဖြင့် ပြစ်မှားမိသော မကောင်းသည့် အညစ်အကြေးများကို သင်္ကြန်ရေဖြင့်ဆေးကြောခြင်းပင် ဖြစ်သည်။

ထို့အပြင် နှစ်သစ်ကို ဖြူစင်သန့်ရှင်းသော လူသစ်စိတ်သစ်တို့ဖြင့် သီလဆောက်တည်ခြင်း၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း စသည်တို့ဖြင့် ကြိုဆိုကြသည့် အခါသမယပင် ဖြစ်သည်။

ကျေးလက်သင်္ကြန်၏ မြန်မာတို့ယဉ်ကျေးမှုနှင့် သဘာဝစရိုက်ကို မြန်မာ့သင်္ကြန်ပွဲဖြင့် ဘာသာရေးနှင့် ယှဉ်တွဲ၍ ပီပြင်စွာ ဆင်နွှဲကြသည်။ သင်္ကြန်အကြို၊ သင်္ကြန်အကျ၊ သင်္ကြန်အကြတ်၊ သင်္ကြန်အတက်၊ နှစ်ဆန်းတစ်ရက်ဟူ၍ မြန်မာ့သင်္ကြန်ကို ငါးရက်ခွဲ၍ ကျင်းပကြသည်။ ရွာမှာသင်္ကြန်မဏ္ဍပ်ထိုးသည်။ သင်္ကြန်အကြိုနေ့တွင် သင်္ကြန်အိုးများဖြင့် ကြိုသည်။ သင်္ကြန်အကျနေ့တွင် မုန့်လုံးရေပေါ်ဖြင့် ရွာရှိကာလသား၊ ကာလသမီးများက စတုဒိသာ ကျွေးမွေးသည်။ ယိမ်းကသည်။ အိုးစည်ဒိုးပတ် အကအလှများဖြင့် ပျော်ရွှင်စွာ ရေကစားကြသည်။ သင်္ကြန်အကြတ်နေ့တွင် ရွာရှိ ဆရာတော်ကြီးကျောင်း၊ ရွာဦးစေတီနှင့် ရွာမှစာသင်ကျောင်းတို့တွင် စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ကြသည်။

**ကောင်းကင်မိုးလ၊ စိတြနှင့်**
**မိဿရာသီ၊ အညီခါကျော်**
**နှစ်ဦးပေါ်က**
**ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွတ်လျက်**
**ပွင့်ခက်ဝေဝေ**
**တောင်လေဖြူးဖြူး၊ လတန်ခူးကို**
**မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်**
**ဆင်ယင်တုပ၊လွရရှုတည့်**
**ငြိမ့်မျှစောင်းညင်း၊ အဲသီချင်းနှင့်**
**ထုံသင်းနံ့သာ၊ ရေသီတာဝယ်**
**စမ္ပာကရမက်၊ ပန်းပေါင်းဖက်၍**
**ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်မှ**
**လည်လှည့်ဆူလှယ်၊**
**မြူးရယ်ရွှင်အား၊ လွန်ပျော်ပါးသည်**
**ကစားထုံရည် ဖျန်းတည့်လေ။ ။**

စာဆိုတော် ဦးကြော့၏ တန်ခူးလအခါသည် မိဿရာသီဖြစ်၍ ကောင်းကင်တွင် စိတြနက္ခတ်စန်းယှဉ်ကြောင်း ဖော်ညွှန်းထားသည်။

ရွာရှိ အဘိုး၊ အဘွား၊ သက်ကြီးရွယ်အို တို့ကို ခြေသည်းလက်သည်း လှီးပေးခြင်း၊ အမွှေးနံ့သာလူးပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ဘုန်းကြီးကျောင်းသို့ ထမ်းစင်များနှင့် ထမ်းပို့၍ ငါးပါးသီလခံယူစေခြင်း၊ ဆေးဝါးအသုံးအဆောင် ဝတ္ထုပစ္စည်းများ လှူဒါန်းခြင်း၊ သာဂူစတုဒိသာများ တိုက်ကျွေးခြင်း၊ သင်္ကြန်အတက်နေ့တွင် ရှင်လောင်းနှင့် ပဒ္ဒင်းလောင်းများ လှည့်လည်ခြင်း၊ မုန့်လက်ဆောင်း စတုဒိသာကျွေးခြင်း၊ အစွမ်းကုန်ရေကစား သီဆိုကခုန်ပျော်မြူးကြခြင်း၊ အိုးစည်ပြိုင်ပွဲ၊ ဒိုးပြိုင်ပွဲများ ပြုလုပ်ခြင်း၊ နှစ်ဆန်းတစ်ရက်နေ့ ရောက်သောအခါ ငါးလွှတ်ပွဲများ၊ တိရစ္ဆာန်ဘေးမဲ့လွှတ်ပွဲများ ကျင်းပခြင်း၊ ရွာတစ်ရွာလုံး ရွာဦးဆရာတော်ကျောင်းသို့ စုစည်း၍ သက်သတ်လွတ်စားကြသည်။ ဥပုသ်စောင့်ကြသည်။

ဆန်၊ဆီ၊ပဲများ လှူဒါန်းကြသည်။ ရှင်မယ်ခံသည်။ ပရိတ်ရွတ်သည်။ ပဒ္ဒင်းလောင်းများ ပဒ္ဒင်းခံသည်။ သိမ်ဆင်းလောင်းကြသည်။ ဆန်၊ကောင်ညှင်း၊ ပီလောပီနံ၊ ထန်းလျက်၊ ကြံသကာ၊ ပျားရည်၊ သကြား၊ တင်လဲ၊ ရွာရှိ မြန်မာ့မုန့်အစုံဖြင့် မုန့်လုပ်၍ လှူဒါန်းကြသည်။ တစ်ရွာလုံး သက်သတ်လွတ်စား၍ ကောင်းမှုကုသိုလ် ပြုကြသည်။

**ရာသီမိန်ငယ်**
**ဂိမ္ဘာန်ရက်ပြောင်း**
**လတပေါင်းမို့**
**ရွက်ဟောင်းကြွေကာ**
**ဥတ္တရာနှင့်**
**ကြယ်မှာဘဒြပိုဒ်**
**လေးချက်ချိန်ကို**
**တိမ်ခြေဆိုက်လို့ ---**

ဟူ၍ မဟာအတုလမင်းကြီးက နွေကို ရာသီမိန်၊ ဂိမ္ဘာန် ဥတ္တရာနက္ခတ်နှင့် ဘဒြပိုဒ်ကြယ်နှင့် ဖွဲ့နွဲ့စပ်ဆိုခဲ့သည်။ နွေဦးမှာတပေါင်း၊ နွေလယ်မှာ တန်ခူး၊ တန်ခူးမှာ သင်္ကြန်ပွဲများ ကျင်းပကြသည်။

**တန်ခူး၊ မိဿ၊ စိတြ-လနှင့် ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်ကံ့ကော်၊ ထုံသင်းပျော်၊ ပွဲတော်တာအညွှန်း** ဟူသည့်စာဆိုနှင့်အညီ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲကို တစ်နှစ်တာအတွက် ရွှင်မြူးကြည်နူးစွာ ကျင်းပကြခြင်း ဖြစ်သည်။

သင်္ကြန်ပွဲတော်ရက်များဖြစ်သည့် သင်္ကြန်အကြိုနေ့၊ အကျနေ့၊အကြတ်နေ့နှင့် သင်္ကြန်အတက်နေ့တို့တွင် ပြည်သူအများ ပျော်ရွှင်စွာ ရေဖျန်းပက်ကစားခဲ့ကြသည်။ ရေ၏ အေးမြခြင်း၊ ကြည်လင်ခြင်း၊ သန့်စင်ခြင်း သဘောသဘာဝအရ သင်္ကြန်အတာရေသည် လူတိုင်းကို အေးမြစေသည်။ စိတ်ကြည်လင်ချမ်းမြေ့မှုကိုရရှိစေသည်။

ထို့အပြင် အတာသင်္ကြန်ရေသည် နှစ်ဟောင်းမှ အညစ်အကြေးများကို သန့်ရှင်း စင်ကြယ်စေသည်။ နှစ်ဟောင်းမှ ဘေးဥပဒ်အန္တရာယ်များ၊ စိတ်ဆိုးစိတ်ညစ်များ ကင်းစင်လွင့်ပျောက်၍ နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် အားအင်သစ်များကို ဖြစ်ပေါ်စေသည်။ အေးချမ်းသာယာမှု၊ ရင်းနှီးချစ်ကြည်မှုများကို လွှမ်းခြုံရရှိစေပေသည်။

မင်္ဂလာရှိသော မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် မြန်မာပြည်သူတစ်ရပ်လုံးသည် ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊မနောကံ သုံးပါးတို့ဖြင့် မင်္ဂလာရှိသောပြုဖွယ်ရာများကို ရိုးရာမပျက် ဆောင်ရွက်လျက်ရှိကြသည်။ ကိုယ်စိတ်နှစ်ပါး၌ ငြိမ်းချမ်းခြင်း၊ သာယာချမ်းမြေ့ကြည်နူးခြင်းများ လွှမ်းခြုံလျက် ကုသိုလ်ဒါနကောင်းမှုအစုစုတို့ကို ပြုကြမြဲဖြစ်ပါကြောင်း ရေးသား

**မတ် ၂၈ရက်က ထောက်ကြန့်ရဲစုတောင်ရပ်ကွက်၌ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၀၈ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ မင်္ဂလာဒုံမြို့နယ်ဦးစီးအရာရှိ (မြို့နယ်မှူး) ဦးကျော်ညွှန့်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးသို့ ကတ်ပြားပေးအပ်စဉ်။**

(က-ပ)

ဧပြီ ၈ ရက်က ပျော်ဘွယ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်-မန္တလေးနှင့် ပျော်ဘွယ်-နတ်မောက်လမ်းဆုံ ကျွန်းတွင် မြက်ခင်းပြင် ပန်းအလှစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

## သရက်ခရိုင်မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ပြိုင်ပွဲကျင်းပ

**သရက် မတ် ၃၀**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာ အဖွဲ့ကိုယ်စားလှယ်များစုံညီ အစည်းအဝေးကြီးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်း သရက်ခရိုင် သရက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ၊ ဆံကေသာအလှပြိုင်ပွဲနှင့် ကာယအလှမယ်ပြိုင်ပွဲတို့ကို မတ် ၂၄ ရက်က သရက်ခရိုင်ခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ကပစ(၁၂)မှ စက်ရုံမှူးဗိုလ်မှူးကြီးဝင်းကြည်နှင့်ဇနီး၊ ဒုတိယစက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဦးနှင့်ဇနီး၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စန်း နှင့်ဇနီး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ အခြားလူမှုရေးအဖွဲ့အစည်းဝင်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်**

ပြိုင်ပွဲကို ည ၇ နာရီတွင် မြို့နယ်ဥက္ကဋ္ဌ၏ဇနီး ဒေါ်တင်မြင့်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်တင့်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ကာယအလှမယ် ပထမဆုရရှိသူ မသဥ္ဇာဦးအား (တိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်) ဒေါ်နီလာမြင့်က စလွယ်နှင့်သရဖူအား ဂုဏ်ပြုချီးမြှင့်သည်။ **(အောက်ပုံ)**

**ချီးမြှင့်**

ဆက်လက်၍ ဆုရရှိသူများအား ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျေးရွာစာကြည့်တိုက်ဖွင့်

**တံတားဦး မတ် ၁၆**

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စီမံချက်များရေးဆွဲပြီး နယ်လှည့်စာကြည့်တိုက်များကို ကျေးရွာများတွင် မတ် ၉ ရက်က ချောင်းခွကျေးရွာအုပ်စု၊ ချောင်ပတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးစိန်မြနှင့် ချောင်းခွကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမင်းဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

ထို့နောက် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်လာကြသူများက စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

